# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၆ - ဉာဏဝိဘင်္ဂ

## (ဉာဏ်တို့ကို ဝေဖန်၍ပြသော ဝိဘင်း)


၁ - တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၂ - နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၃ - သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

အဝိတက္ကအဝိစာရမူ

ဥပေက္ခာသဟဂတမူ

၄ - လေးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၅ - ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၆ - ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇ - ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၈ - ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၉ - ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၁၀ - ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ် အရေအတွက်ကို အကျဉ်းပြဆိုခြင်း

# ၁၆ - ဉာဏဝိဘင်္ဂ

၁ - တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၂ - နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၃ - သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၄ - လေးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၅ - ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၆ - ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၇ - ခုနစ်ခုသော အဖို့အစုရှိအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈ - ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၉ - ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၁၀ - ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

(၁) ပဌမ ဉာဏ်တော်အဖွင့်

(၂) ဒုတိယ ဉာဏ်တော်အဖွင့်

(၃) တတိယဉာဏ်တော်အဖွင့်

(၄) စတုတ္ထဉာဏ်တော်အဖွင့်

(၅) ပဉ္စမဉာဏ်တော်အဖွင့်

(၆) ဆဋ္ဌဉာဏ်တော်အဖွင့်

(၇) သတ္တမဉာဏ်တော်အဖွင့်

(၈) အဋ္ဌမဉာဏ်တော်အဖွင့်

(၉) နဝမဉာဏ်တော်အဖွင့်

(၁၀) ဒသမဉာဏ်တော်အဖွင့်

ဉာဏ်တို့ကို ဝေဖန်၍ပြသော

ဉာဏဝိဘင်း ပြီးပြီ။

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၆ - ဉာဏဝိဘင်္ဂ

## (ဉာဏ်တို့ကို ဝေဖန်၍ပြသော ဝိဘင်း)

### ၁ - တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၁။ တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

(၁) ဝိညာဏ်ငါးပါးတို့သည် ဟိတ် မမည်ကုန်။

(၂) ဟိတ်မရှိကုန်။

(၃) ဟိတ်နှင့် မယှဉ်ကုန်။

(၄) အကြောင်းရှိကုန်၏။

(၅) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၆) နာမ်တရားဖြစ်ကုန်၏။

(၇) လောက၌ အကျုံးဝင်ကုန်၏။

(၈) အာသဝ၏ အာရုံဖြစ်ကုန်၏။

(၉) သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။

(၁၀) ဂန္ထ၏ အာရုံဖြစ်ကုန်၏။

(၁၁) ဩဃ၏ အာရုံဖြစ်ကုန်၏။

(၁၂) ယောဂ၏ အာရုံဖြစ်ကုန်၏။

(၁၃) နီဝရဏ၏ အာရုံဖြစ်ကုန်၏။

(၁၄) ပရာမာသ၏ အာရုံဖြစ်ကုန်၏။

(၁၅) ဥပါဒါန်၏ အာရုံဖြစ်ကုန်၏။

(၁၆) ကိလေသာ၏ အာရုံဖြစ်ကုန်၏။

(၁၇) အဗျာကတ ဖြစ်ကုန်၏။

(၁၈) အာရုံပြုခြင်း ရှိကုန်၏။

(၁၉) စေတသိက် မမည်ကုန်။

(၂၀) ဝိပါက် ဖြစ်ကုန်၏။

(၂၁) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်ကုန်သည် ဖြစ်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။

(၂၂) ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။

(၂၃) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသည် မမည်ကုန်။

(၂၄) ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသည် မမည်ကုန်။

(၂၅) ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

(၂၆) ပီတိနှင့်တကွ မဖြစ်ကုန်။

(၂၇) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၂၈) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသည်လည်း မဟုတ်ကုန်, အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၂၉) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၃၀) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

(၃၁) အာနုဘော် နည်းကုန်၏။

(၃၂) ကာမာဝစရ မည်ကုန်၏။

(၃၃) ရူပါဝစရ မမည်ကုန်။

(၃၄) အရူပါဝစရ မမည်ကုန်။

(၃၅) ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏။

(၃၆) ဘုံသုံးပါး၌ အကျုံးမဝင်သော တရား မဟုတ်ကုန်။

(၃၇) အကျိုးပေး မမြဲကုန်။

(၃၈) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၃၉) * ဖြစ်ဆဲ ဖြစ်ကုန်၏။ (ဥပ္ပန္နာ)

(၄၀) * မနောဝိညာဏ်ဖြင့် သိအပ်ကုန်၏။ (မနောဝိညာဏဝိညေယျမေဝ)

(၄၁) * မမြဲကုန်။ (အနိစ္စာ)

(၄၂) * အိုခြင်းဖြင့် နှိပ်စက်အပ်ကုန်၏။ (ဇရာဘိဘူတာ)

(၄၃) ဝိညာဏ်ငါးပါးတို့သည် ဖြစ်ဆဲ ဝတ္ထုကို မှီကုန်၏။

(၄၄) ဖြစ်ဆဲ အာရုံကို အာရုံပြုကုန်၏။

(၄၅) ရှေးဖြစ်သော ဝတ္ထုရုပ်ကို မှီကုန်၏။

(၄၆) ရှေး၌ ဖြစ်သော အာရုံကို အာရုံပြုကုန်၏။

(၄၇) အဇ္ဈတ္တိကရုပ်ကို မှီကုန်၏။

(၄၈) အပအာရုံကို အာရုံပြုကုန်၏။

(၄၉) မချုပ်သေးသော ရုပ်ကို မှီကုန်၏။

(၅၀) မချုပ်သေးသော အာရုံကို အာရုံပြုကုန်၏။

(၅၁) အသီးသီးသော ရုပ်လျှင် မှီရာရှိကုန်၏။

(၅၂) အသီးသီးသော အာရုံကို အာရုံပြုကုန်၏။

(၅၃) တစ်ပါးသည် တစ်ပါး၏ အာရုံအရာကို မခံစားကုန်။

(၅၄) အာဝဇ္ဇန်းကင်းလျက် မဖြစ်ကုန်။

(၅၅) နှလုံးမသွင်းဘဲ မဖြစ်ကုန်။

(၅၆) ရောပွမ်း၍ မဖြစ်ကုန်။

(၅၇) မရှေးမနှောင်း မဖြစ်ကုန်။

(၅၈) တစ်ပါးသည် တစ်ပါး၏ အခြားမဲ့၌ မဖြစ်ကုန်။

(၅၉) ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်း မရှိကုန်။

(၆၀) ဝိညာဏ်ငါးပါးတို့ဖြင့် အာရုံသို့ ရှေးရှုကျခြင်းမျှကို ကြဉ်၍ တစ်စုံတစ်ခုသော တရားကို မသိ။

(၆၁) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း တစ်စုံတစ်ခုသော တရားကို မသိ။

(၆၂) ဝိညာဏ်ငါးပါးတို့ဖြင့် တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

(၆၃) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

(၆၄) ဝိညာဏ်ငါးပါးတို့ဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာကို မဖြစ်စေနိုင်။

(၆၅) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း ကိုယ်အမူအရာ နှုတ်အမူအရာကို မဖြစ်စေနိုင်။

(၆၆) ဝိညာဏ်ငါးပါးတို့ဖြင့် ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင်။

(၆၇) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင်။

(၆၈) ဝိညာဏ်ငါးပါးတို့ဖြင့် (သမာပတ်ကို) မဝင်စားနိုင်၊ မထနိုင်။

(၆၉) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း (သမာပတ်ကို) မဝင်စားနိုင်၊ မထနိုင်။

(၇၀) ဝိညာဏ်ငါးပါးတို့ဖြင့် မစုတေနိုင်၊ ပဋိသန္ဓေမနေနိုင်။

(၇၁) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း မစုတေနိုင်၊ ပဋိသန္ဓေ မနေနိုင်။

(၇၂) ဝိညာဏ်ငါးပါးတို့ဖြင့် မအိပ်၊ မနိုး၊ အိပ်မက်မမက်။

(၇၃) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း မအိပ်၊ မနိုး၊ အိပ်မက်မမက်။

(၇၄) ဟုတ်မှန်သော အကြောင်းကို ထင်စွာပြသော ပညာသည် ဖြစ်၏။ ဤသို့ တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

မှတ်ချက်။ ။ * ခရေပွင့်ပြ ၄-ပုဒ်သည် ပါဠိတော်၌ မရှိပါ။ အဋ္ဌကထာပြသည့်အတိုင်း ထည့်ထားပါသည်။

# ဉာဏဝိဘင်္ဂ

## ၂ - နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၂။ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

(၁) လောက၌ အကျုံးဝင်သော ပညာ၊ လောကမှ ထွက်မြောက်သော ပညာ။

(၂) တစ်စုံတစ်ခုသော စိတ်ဖြင့် သိအပ်သော ပညာ၊ တစ်စုံတစ်ခုသော စိတ်ဖြင့် မသိအပ်သော ပညာ။

(၃) အာသဝ၏ အာရုံဖြစ်သော ပညာ၊ အာသဝ၏ အာရုံ မဟုတ်သော ပညာ။

(၄) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်သော ပညာ၊ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံ မဟုတ်သော ပညာ။

(၅) သံယောဇဉ်၏ အာရုံဖြစ်သော ပညာ၊ သံယောဇဉ်၏ အာရုံမဟုတ်သော ပညာ။

(၆) သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံဖြစ်သော ပညာ၊ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံ မဟုတ်သော ပညာ။

(၇) ဂန္ထ၏ အာရုံဖြစ်သော ပညာ၊ ဂန္ထ၏ အာရုံမဟုတ်သော ပညာ။

(၈) ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံဖြစ်သော ပညာ၊ ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံ မဟုတ်သော ပညာ။

(၉) ဩဃ၏ အာရုံဖြစ်သော ပညာ၊ ဩဃ၏ အာရုံ မဟုတ်သော ပညာ။

(၁၀) ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံဖြစ်သော ပညာ၊ ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံ မဟုတ်သော ပညာ။

(၁၁) ယောဂ၏ အာရုံဖြစ်သော ပညာ၊ ယောဂ၏ အာရုံ မဟုတ်သော ပညာ။

(၁၂) ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံဖြစ်သော ပညာ၊ ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံ မဟုတ်သော ပညာ။

(၁၃) နီဝရဏ၏ အာရုံဖြစ်သော ပညာ၊ နီဝရဏ၏ အာရုံ မဟုတ်သော ပညာ။

(၁၄) နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံဖြစ်သော ပညာ၊ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံ မဟုတ်သော ပညာ။

(၁၅) ပရာမာသ၏ အာရုံဖြစ်သော ပညာ၊ ပရာမာသ၏ အာရုံ မဟုတ်သော ပညာ။

(၁၆) ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံဖြစ်သော ပညာ၊ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံ မဟုတ်သော ပညာ။

(၁၇) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော ပညာ။

(၁၈) ဥပါဒါန်၏ အာရုံဖြစ်သော ပညာ၊ ဥပါဒါန်၏ အာရုံ မဟုတ်သော ပညာ။

(၁၉) ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံဖြစ်သော ပညာ၊ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန် ၏ အာရုံ မဟုတ်သော ပညာ။

(၂၀) ကိလေသာ၏ အာရုံဖြစ်သော ပညာ၊ ကိလေသာ၏ အာရုံ မဟုတ်သော ပညာ။

(၂၁) ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံဖြစ်သော ပညာ၊ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံ မဟုတ်သော ပညာ။

(၂၂) ဝိတက်ရှိသော ပညာ၊ ဝိတက် မရှိသော ပညာ။

(၂၃) ဝိစာရရှိသော ပညာ၊ ဝိစာရ မရှိသော ပညာ။

(၂၄) ပီတိရှိသော ပညာ၊ ပီတိ မရှိသော ပညာ။

(၂၅) ပီတိနှင့်တကွဖြစ်သော ပညာ၊ ပီတိနှင့်တကွ မဖြစ်သော ပညာ။

(၂၆) သုခဝေဒနာနှင့်တကွဖြစ်သော ပညာ၊ သုခဝေဒနာနှင့်တကွ မဖြစ်သော ပညာ။

(၂၇) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပညာ၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော ပညာ။

(၂၈) ကာမာဝစရမည်သော ပညာ၊ ကာမာဝစရ မမည်သော ပညာ။

(၂၉) ရူပါဝစရမည်သော ပညာ၊ ရူပါဝစရ မမည်သော ပညာ။

(၃၀) အရူပါဝစရမည်သော ပညာ၊ အရူပါဝစရ မမည်သော ပညာ။

(၃၁) ဘုံသုံးပါး၌ အကျုံးဝင်သော ပညာ၊ ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာ။

(၃၂) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပညာ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ပညာ။

(၃၃) အကျိုးပေးမြဲသော ပညာ၊ အကျိုးပေး မမြဲသော ပညာ။

(၃၄) မိမိထက်လွန်မြတ်သော တရားရှိသော ပညာ၊ မိမိထက်လွန်မြတ်သော တရားမရှိသော ပညာ။

(၃၅) အကျိုးကို ဖြစ်စေတတ်သော ပညာ၊ ဖြစ်စေအပ်သော အကျိုးဖြစ်သော ပညာ။ ဤသို့ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

# ဉာဏဝိဘင်္ဂ

## ၃ - သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၃။ သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

(၁) အကြံအစည်ဖြင့် ပြီးသော 'စိန္တာမယ' ပညာ၊ အကြားအမြင်ဖြင့် ပြီးသော 'သုတမယ' ပညာ၊ ပွါးများခြင်းဖြင့်ပြီးသော 'ဘာဝနာမယ' ပညာ။

(၂) ပေးကမ်းခြင်း ဒါနဖြင့် ပြီးသော ပညာ၊ အကျင့်သီလဖြင့် ပြီးသော ပညာ၊ ပွါးများခြင်း ဘာဝနာဖြင့် ပြီးသော ပညာ။

(၃) လွန်ကဲသော သီလ၌ ဖြစ်သော ပညာ၊ လွန်ကဲသေ စိတ်၌ ဖြစ်သော ပညာ၊ လွန်ကဲသော ပညာ၌ ဖြစ်သော ပညာ။

(၄) ကြီးပွါးရေး၌ လိမ္မာသော ပညာ၊ ဆုတ်ယုတ်ရေး၌ လိမ္မာသော ပညာ၊ ဥပါယ်၌ လိမ္မာသော ပညာ။

(၅) အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်) ဖြစ်သော ပညာ၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော ပညာ၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော ပညာ။

(၆) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည် ဖြစ်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ပညာ။

(၇) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ပညာ၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသော ပညာ၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ပညာ။

(၈) ပီတိနှင့်တကွဖြစ်သော ပညာ၊ သုခဝေဒနာနှင့်တကွဖြစ်သော ပညာ၊ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သော ပညာ။

(၉) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော ပညာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပညာ၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ပညာ။

(၁၀) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာ၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ပညာ။

(၁၁) အာနုဘော်နည်းသော ပရိတ္တ(ကာမ) ပညာ၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော မဟဂ္ဂုတ် (ရူပ အရူပ) ပညာ၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဏ (လောကုတ္တရာ) ပညာ။

(၁၂) ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာ၊ မဟဂ္ဂုတ်ကို အာရုံပြုသော ပညာ၊ အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသော ပညာ။

(၁၃) မဂ်ကို အာရုံပြုသော ပညာ၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိသော ပညာ၊ မဂ်ဟု ဆိုအပ် သော အကြီးအမှူးရှိသော ပညာ။

(၁၄)ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ပညာ၊ ခဏသုံးပါးသို့ ရောက်ဆဲလည်း မဟုတ်, ရောက်ပြီးလည်း မဟုတ်သော ပညာ၊ မချွတ်ဖြစ်လတ္တံ့ ဖြစ်သော ပညာ။

(၁၅) ဖြစ်ပြီးသော (အတိတ်) ပညာ၊ မရောက်သေးသော (အနာဂတ်) ပညာ၊ ဖြစ်ဆဲသော (ပစ္စုပ္ပန်) ပညာ။

(၁၆) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာ၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာ၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာ။

(၁၇) မိမိသန္တာန်၌ ဖြစ်သော ပညာ၊ သူတစ်ပါး သန္တာန်၌ ဖြစ်သော ပညာ၊ မိမိ, သူတစ်ပါး သန္တာန်၌ ဖြစ်သော ပညာ။

(၁၈) မိမိသန္တာန်ကို အာရုံပြုသော ပညာ၊ သူတစ်ပါး သန္တာန်ကို အာရုံပြုသော ပညာ၊ မိမိ, သူတစ်ပါး သန္တာန်ကို အာရုံပြုသော ပညာ။ သဝိတက္ကသဝိစာရမူ

(၁၉) ဝိတက်လည်းရှိ, ဝိစာရလည်းရှိသော ပညာကား- အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်) လည်း ရှိ၏၊ အကျိုး (ဝိပါက်)ကို ဖြစ်စေခြင်း သဘော ရှိသော တရားလည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရား မဟုတ်သည်လည်း ရှိ၏။

(၂၀) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဉပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဉပါဒါန်၏ အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဉပါဒါန်၏ အာရုံ မဖြစ်သည်လည်း ရှိ၏။

(၂၁) ပီတိနှင့်တကွဖြစ်သည်လည်း ရှိ၏၊ သုခဝေဒနာနှင့်တကွ ဖြစ်သည်လည်း ရှိ၏၊ ဉပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သည်လည်း ရှိ၏။

(၂၂) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း ရှိ၏၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည်လည်း ရှိ၏။

(၂၃) သေက္ခပုဂ္ဂိုလ်တို့၏ ဉစ္စာလည်း ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဉစ္စာလည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဉစ္စာလည်း မဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဉစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၂၄) အာနုဘော် နည်းသော ပရိတ္တ(ကာမ) လည်း ရှိ၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော မဟဂ္ဂုတ် (ရူပ အရူပ) လည်း ရှိ၏၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အပ္ပမာဏ (လောကုတ္တရာ) လည်း ရှိ၏၊

(၂၅) ပရိတ္တ (ကာမ) ကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂုတ်ကို အာရုံပြုသည်လည်း ရှိ၏၊ အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသည်လည်း ရှိ၏။

(၂၆) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိသည်လည်း ရှိ၏။

(၂၇) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည် လည်း ရှိ၏၊ မချွတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၂၈) ဖြစ်ပြီး (အတိတ်) လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) လည်း ရှိ၏။

(၂၉) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) အာရုံပြုသည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၃၀) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါး သန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ မိမိ, သူတစ်ပါး သန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၃၁) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါး သန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ သူတစ်ပါး သန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ အဝိတက္ကအဝိစာရမတ္တမူ

(၃၂) ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသော ပညာကား- အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်) သည်လည်း ရှိ၏၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရား မဟုတ်သည်လည်း ရှိ၏။

(၃၃) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဖြစ်သည်လည်း ရှိ၏။

(၃၄) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည်လည်း ရှိ၏။

(၃၅) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၃၆) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည်လည်းရှိ၏၊ မချွတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၃၇) ဖြစ်ပြီး (အတိတ်) လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) လည်း ရှိ၏။

(၃၈) မိမိသန္တာန်၌ ဖြစ်သော တရားလည်း ရှိ၏၊ သူတစ်ပါး သန္တာန်၌ဖြစ်သော တရားလည်း ရှိ၏၊ မိမိ သူတစ်ပါး သန္တာန်၌ဖြစ်သော တရားလည်း ရှိ၏။

# ဉာဏဝိဘင်္ဂ

**အဝိတက္ကအဝိစာရမူ**

(၃၉) ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ပညာကား- အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း ရှိ၏၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ် အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သည်လည်း ရှိ၏။

(၄၀) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံ မဖြစ်သည်လည်း ရှိ၏။

(၄၁) ပီတိနှင့်တကွ ဖြစ်သည်လည်း ရှိ၏၊ သုခဝေဒနာနှင့်တကွ ဖြစ်သည်လည်း ရှိ၏၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သည်လည်း ရှိ၏။

(၄၂) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း ရှိ၏၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည် လည်း ရှိ၏။

(၄၃) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာသည် ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာသည် ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့ ၏ ဥစ္စာလည်း မဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၄၄) ပရိတ္တ(ကာမတရား) ကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂုတ် (ရူပ အရူပတရား) ကို အာရုံ ပြုသည်လည်း ရှိ၏၊ အပ္ပမာဏ (လောကုတ္တရာတရား) ကို အာရုံပြုသည်လည်း ရှိ၏။

(၄၅) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိသည်လည်း ရှိ၏။

(၄၆) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည် လည်းရှိ၏၊ မချွတ်ဖြစ်လတ္တံ့ (အနာဂတ်) ဖြစ်သည်လည်း ရှိ၏။

(၄၇) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) သည်လည်း ရှိ၏။

(၄၈) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) ကို အာရုံ ပြုသည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၄၉) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါး သန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ မိမိ သူတစ်ပါး သန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၅၀) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါး သန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ သူတစ်ပါး သန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ ပီတိသဟဂတ သုခသဟဂတမူ

(၅၁) ပီတိနှင့်တကွဖြစ်သော ပညာ, သုခဝေဒနာနှင့်တကွဖြစ်သော ပညာကား- အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည်လည်း ရှိ၏၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားသည်လည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သည်လည်း ရှိ၏။

(၅၂) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည် ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံ မဖြစ်သည် လည်း ရှိ၏။

(၅၃) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသည်လည်း ရှိ၏၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသည် လည်း ရှိ၏၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသည်လည်း ရှိ၏။

(၅၄) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည် လည်း ရှိ၏။

(၅၅) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာသည်လည်း ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာသည်လည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၅၆) ကာမတရားသည်လည်း ရှိ၏၊ မဟဂ္ဂုတ်တရားသည်လည်း ရှိ၏၊ လောကုတ္တရာတရားသည် လည်း ရှိ၏။

(၅၇) ကာမတရားကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသည်လည်း ရှိ၏၊ လောကုတ္တရာတရားကို အာရုံပြုသည်လည်း ရှိ၏။

(၅၈) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိသည်လည်း ရှိ၏။

(၅၉) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည် လည်း ရှိ၏၊ မချွတ်ဖြစ်လတ္တံ့ဖြစ်သည်လည်း ရှိ၏။

(၆၀) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်)သည်လည်း ရှိ၏။

(၆၁) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) ကို အာရုံပြု သည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၆၂) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်၌ဖြစ်သည်လည်း ရှိ၏၊ မိမိ သူတစ်ပါး သန္တာန်၌ဖြစ်သည်လည်း ရှိ၏။

(၆၃) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။

# ဉာဏဝိဘင်္ဂ

## (*) ဥပေက္ခာသဟဂတမူ

(၆၄) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပညာကား- အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း ရှိ၏၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားသည်လည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သည်လည်း ရှိ၏။

(၆၅) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံ မဖြစ်သည် လည်းရှိ၏။

(၆၆) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည် လည်း ရှိ၏။

(၆၇) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ ရဟန္တာတို့၏ ဥစ္စာလည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၆၈) ကာမတရားလည်း ရှိ၏၊ မဟဂ္ဂုတ်တရားလည်း ရှိ၏၊ လောကုတ္တရာ တရားလည်း ရှိ၏။

(၆၉)ကာမတရားကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂုတ်ကို အာရုံပြုသည်လည်း ရှိ၏၊ လောကုတ္တရာ တရားကို အာရုံပြုသည်လည်း ရှိ၏။

(၇၀) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိသည်လည်း ရှိ၏။

(၇၁) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည် လည်း ရှိ၏၊ မချွတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၇၂) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) သည်လည်း ရှိ၏။

(၇၃) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) ကို အာရုံ ပြုသည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၇၄) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၇၅) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ, သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ ဤသို့ သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

(*) အဌကထာအဆိုအရ ဉာဏ်သုံးပါးအားဖြင့် တည်ရာ အရေအတွက်ပေါင်း (၈၈) ဟု ဆိုရာ၌ ပီတိသဟဂတမူ ၁၃-ပါး၊ သုခသဟဂတမူ ၁၃-ပါး ဖြစ်ခြင်းကြောင့် ၇၅-၌ ၁၃-ပါး ထပ်ထည့်လျှင် ၈၈-ပါး ဖြစ်ပါသည်။

# ဉာဏဝိဘင်္ဂ

## ၄ - လေးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၄။ လေးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

(၁) ကံသာလျှင် မိမိဥစ္စာဖြစ်၏ဟု သိသောဉာဏ်၊ သစ္စာအားလျော်စွာ ဖြစ်သောဉာဏ်၊ မဂ်နှင့် ပြည့်စုံသူအား ဖြစ်သောဉာဏ်၊ ဖိုလ်နှင့် ပြည့်စုံသူအား ဖြစ်သောဉာဏ်။

(၂) ဆင်းရဲမှု၌ သိသောဉာဏ်၊ ဆင်းရဲမှု ဖြစ်ကြောင်း၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာ၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်။

(၃) ကာမဘုံ၌ ဖြစ်သော ပညာ၊ ရူပဘုံ၌ ဖြစ်သော ပညာ၊ အရူပဘုံ၌ ဖြစ်သော ပညာ၊ ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာ။

(၄) တရား၌ သိသောဉာဏ်၊ အလျော်၌ သိသောဉာဏ်၊ ပိုင်းခြားခြင်း၌ သိသောဉာဏ်၊ ဥမုတ်ခြင်း၌ သိသောဉာဏ်။

(၅) စုတိပဋိသန္ဓေ အလို့ငှါသာဖြစ်၍ နိဗ္ဗာန် အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ နိဗ္ဗာန် အလို့ငှါသာ ဖြစ်၍ စုတိပဋိသန္ဓေ အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ စုတိပဋိသန္ဓေ အလို့ငှါ လည်းကောင်း၊ နိဗ္ဗာန် အလို့ငှါ လည်းကောင်း ဖြစ်သော ပညာသည် ရှိ၏။ စုတိပဋိသန္ဓေ အလို့ငှါ လည်းကောင်း နိဗ္ဗာန် အလို့ငှါ လည်းကောင်း မဖြစ်သော ပညာသည် ရှိ၏။

(၆) ငြီးငွေ့ရန် အလို့ငှါသာဖြစ်၍ ထိုးထွင်းသိရန် အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ ထိုးထွင်းသိရန် အလို့ငှါသာဖြစ်၍ ငြီးငွေ့ရန် အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ ငြီးငွေ့ရန် အလို့ငှါ လည်းကောင်း၊ ထိုးထွင်းသိရန် အလို့ငှါ လည်းကောင်း ဖြစ်သော ပညာသည် ရှိ၏။ ငြီးငွေ့ရန် အလို့ငှါ လည်းကောင်း၊ ထိုးထွင်းသိရန် အလို့ငှါ လည်းကောင်း မဖြစ်သော ပညာသည် ရှိ၏။

(၇)ဆုတ်ယုတ်သော အဖို့ရှိသော ပညာသည် ရှိ၏။ တည်တံ့သော အဖို့ရှိသော ပညာသည် ရှိ၏။ ထူးသော အဖို့ရှိသော ပညာသည် ရှိ၏။ ဖောက်ခွဲခြင်း အဖို့ရှိသော ပညာသည် ရှိ၏။

(၈) ခွဲခြမ်းစိတ်ဖြာခြင်း (ပဋိသမ္ဘိဒါ) လေးပါး၌ သိသော ဉာဏ်သည် ရှိ၏။

(၉) အကျင့်လေးပါး၌ သိသော ဉာဏ်သည် ရှိ၏။

(၁၀) အာရုံလေးပါး၌ သိသော ဉာဏ်သည် ရှိ၏။

(၁၁) အိုခြင်း သေခြင်း၌ သိသော ဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်းဖြစ်ကြောင်း၌ သိသော ဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်းချုပ်ရာ၌ သိသော ဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်သည် ရှိ၏။

(၁၂) ပဋိသန္ဓေနေမှု၌ သိသောဉာဏ်။ပ။

(၁၃) ဘဝ၌ သိသောဉာဏ်။ပ။

(၁၄) စွဲလမ်းမှု၌ သိသောဉာဏ်။ပ။

(၁၅) တပ်မက်မှု၌ သိသောဉာဏ်။ပ။

(၁၆) ခံစားမှု၌ သိသောဉာဏ်။ပ။

(၁၇) တွေ့ထိမှု၌ သိသောဉာဏ်။ပ။

(၁၈) အာယတနခြောက်ပါး၌ သိသောဉာဏ်။ပ။

(၁၉) နာမ်ရုပ်၌ သိသောဉာဏ်။ပ။

(၂၀) ဝိညာဏ်၌ သိသောဉာဏ်။ပ။

(၂၁) သင်္ခါရတို့၌ သိသောဉာဏ်၊ သင်္ခါရဖြစ်ကြောင်း၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာ၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်။

ဤသို့ လေးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

# ဉာဏဝိဘင်္ဂ

## ၅ - ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၅။ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

အင်္ဂါငါးပါးရှိသော ကောင်းသော တည်ကြည်မှုသည် ရှိ၏။ ဉာဏ်ငါးပါးရှိသော ကောင်းသော တည်ကြည်မှုသည် ရှိ၏။ ဤသို့ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

## ၆ - ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၆။ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

အဘိဉာဏ်ခြောက်ပါးတို့၌ ဖြစ်သောပညာသည် ရှိ၏။ ဤသို့ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

# ဉာဏဝိဘင်္ဂ

## ၇ - ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၇။ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

ခုနစ်ဆယ့်ခုနစ်ပါးသော ဉာဏ်တည်းဟူသော တည်ရာတို့သည် ရှိကုန်၏။ ဤသို့ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

## ၈ - ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၈။ ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

မဂ်လေးပါးတို့၌ လည်းကောင်း၊ ဖိုလ်လေးပါးတို့၌ လည်းကောင်း ဖြစ်သော ပညာသည် ရှိ၏။ ဤသို့ ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

## ၉ - ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၉။ ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်တို့၌ ဖြစ်သော ပညာသည် ရှိ၏။ ဤသို့ ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

# ဉာဏဝိဘင်္ဂ

## ၁၀ - ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ် အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၆၀။ ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

မြတ်စွာဘုရား၏ ဘုရား အားတော်ဆယ်ပါးတို့သည် ရှိကုန်၏။ ယင်းအားတော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။ အဘယ်ဆယ်ပါးတို့နည်း-

(၁) ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သော အားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အကြောင်း ဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သောအားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော် ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၂) ထို့ပြင်လည်း မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည် အပ်သော ကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၃) ထို့ပြင်လည်း မြတ်စွာဘုရားသည် ဂတိအမျိုးမျိုးသို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်း မှန်စွာ သိတော်မူ၏။ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၄) ထို့ပြင်လည်း မြတ်စွာဘုရားသည် များသောဓာတ်, အမျိုးမျိုးသော ဓာတ်ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ များသောဓာတ် အမျိုးမျိုးသော ဓာတ်ရှိသော လောကကို ဟုတ်တိုင်း မှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာ ဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၅) ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်း မှန်စွာ သိတော်မူ၏၊ သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည် လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏။ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာ တရားကို လည်စေတော်မူ၏။

(၆) ထို့ပြင်လည်း မြတ်စွာဘုရားသည် တစ်ပါးသော သတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အနု အရင့်ကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ တစ်ပါးသော သတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အနု အရင့်ကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော် ဖြစ်၏။ ယင်းအား

တော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၇) ထို့ပြင်လည်း မြတ်စွာဘုရားသည် ဈာန်, လွတ်မြောက်မှု 'ဝိမောက္ခ', တည်ကြည်မှု 'သမာဓိ', ဝင်စားမှု 'သမာပတ်' တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ ဈာန်, လွတ်မြောက်မှု 'ဝိမောက္ခ', တည်ကြည်မှု 'သမာဓိ', ဝင်စားမှု 'သမာပတ်' တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၈) ထို့ပြင်လည်း မြတ်စွာဘုရားသည် ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်း မှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၉) ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ သတ္တဝါတို့၏ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၁၀) ထို့ပြင်လည်း မြတ်စွာဘုရားသည် အာသဝတို့၏ ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အာသဝတို့၏ ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရား အားတော်ဖြစ်၏။ ယင်းအားတော်ကို စွဲ၍ မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော် မူ၏။ ဤသည်တို့ကား မြတ်စွာဘုရား၏ ဘုရား အားတော်ဆယ်ပါးတို့တည်း။ ယင်းအားတော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် မြတ်သော အရာကို ဝန်ခံတော်မူ၏။ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။ ဤသို့ ဆယ်ခုသော အဖို့အစုအားဖြင့် ညဏ်၏ တည်ရာသည် ဖြစ်၏။

**အကျဉ်းပြဆိုခြင်း (မာတိကာ) ပြီး၏။**

# ဉာဏဝိဘင်

## ၁ - တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၇၆၁။ ဝိဉာဏ်ငါးပါးတို့သည် ဟိတ် မမည် ၊ ဟိတ် မရှိ ၊ ဟိတ်နှင့်မယှဉ်သည်သာ ဖြစ်၏။ အကြောင်း 'ပစ္စယ' ရှိသည်သာ ဖြစ်၏။အကြောင်းတရားတို့သည် ပြုပြင်အပ်သည်သာ ဖြစ်၏ ၊ နာမ်တရား သည်သာ ဖြစ်၏ ၊ လောကဉ် အကျုံးဝင်သည်သာ ဖြစ်၏ ၊ အာသဝ၏ အာရုံသာ ဖြစ်၏။ သံယောဇဉ်၏ အာရုံသာ ဖြစ်၏။ဂန္ထ၏ အာရုံသာ ဖြစ်၏။ဩဃ၏ အာရုံသာ ဖြစ်၏။ ယောဂ၏ အာရုံသာ ဖြစ်၏။ နီဝရဏ အာရုံ သာ ဖြစ်၏။ပရာမာသ၏ အာရုံသာ ဖြစ်၏။ဉပါဒါန်၏ အာရုံသာ ဖြစ်၏။ ကိလေသာ၏ အာရုံသာ ဖြစ်၏။ အဗျာကတမည်သည်သာ ဖြစ်၏။ အာရုံပြုခြင်းရှိသာ ဖြစ်၏။ စေတသိတ်မမည်သည်သာ ဖြစ်၏။ အကျိုးဝိပေါက်တရားတို့သာ ဖြစ်၏။တဏှာဒိဋ္ဌိတို့သည်သာ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဉပါဒါန်၏ အာရုံလည်း ဖြစ်၏။ ပူပန်စေအပ်သည်ကား မဟုတ်, ကိလေသာ၏ အာရုံသာ ဖြစ်၏။ဝိတက်လည်းရှိ၊ဝိစာရလည်းရှိသော တရား မဟုတ်သည်သာ ဖြစ်၏။ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသော တရား မဟုတ်သည်သာ ဖြစ်၏။ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော တရား သည်သာ ဖြစ်၏။ပီတိနှင့်တကွ မဖြစ်သော တရားသာ ဖြစ်၏။ သောတာပတ္တိမဂ်သည် ပယ်အပ်သည် လည်း မဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သည် လည်း မဟုတ်သည်သာ ဖြစ်၏။ သောတာပတ္တိမဂ် သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် အထက်မဂ် သုံးခု ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော တရားသာ ဖြစ်၏။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက် ကြောင်းလည်း မဟုတ်သော တရားသာ ဖြစ်၏။ သေက္ခပုဂ္ဂိုလ်တို့၏ ဉစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ် တို့၏ ဉစ္စာလည်း မဟုတ်သော တရားသာ ဖြစ်၏။ ကာမတရားသာ ဖြစ်၏။ ရူပါဝစရမမည်သော တရား သည်သာ ဖြစ်၏။ အရူပါဝစရမမည်သော တရားသာ ဖြစ်၏။ ဘုံသုံးပါး၌ အကျုံးဝင်သည်သာ ဖြစ်၏။ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားမဟုတ်သည်သာ ဖြစ်၏။ အကျိုးပေးမြဲသော တရားမဟုတ်သည်သာ ဖြစ်၏။ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သည်သာ ဖြစ်၏။ ဖြစ်ဆဲဖြစ်၍ မနောဝိညာဏ်သည် သိအပ်သည်သာ ဖြစ်၏။မမြဲသောတရားသာ ဖြစ်၏။

၇၆၂။ ဝိညာဏ်ငါးပါးတို့သည် ဖြစ်ဆဲဝတ္ထုကို မှီကုန်၏၊ဖြစ်ဆဲအာရုံကို အာရုံပြုကုန်၏ဟူသည် ဖြစ်ဆဲသော မှီရာ၌ ဖြစ်ဆဲအာရုံ၌ ဖြစ်ကုန်၏။ရှေး၌ဖြစ်သော ဝတ္ထုရုပ်ကိုမှီကုန်၏၊

ရှေး၌ဖြစ်သော အာရုံကို အာရုံပြု ကုန်၏ဟူသည် ရှေး၌ဖြစ်သော(အတိတဘဝင်နှင့် ဉပါဒ်ပြိုင်သော) မှီရာ၌, ရှေး၌ဖြစ်သော(အတိတဘဝင် နှင့် ဉပါဒ်ပြိုင်သော) အာရုံ၌ ဖြစ်ကုန်၏။

အဇ္ဈတ္တိကရုပ်ကို မှီကုန်၏။အပအာရုံကို အာရုံပြုကုန်၏ဟူသည် ဝိညာဏ်ငါးပါးတို့၏ မှီရာတို့ သည် မိမိ 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏၊အာရုံတို့သည် အပ (ဗာဟိရ) တို့တည်း။

မချုပ်သေးသော ရုပ်ကို မှီကုန်၏၊မချုပ်သေးသော အာရုံကို အာရုံပြုကုန်၏ဟူသည် မရောစပ် (မပျက်စီးသေး)သော မှီရာ၌, မရောစပ်(မပျက်စီးသေး)သော အာရုံ၌ ဖြစ်ကုန်၏။

အသီးသီးသော ရုပ်လျှင် မှီရာရှိကုန်၏၊ အသီးသီးသော အာရုံကို အာရုံပြုကုန်၏ဟူသည် စက္ခု ဝိညာဏ်၏ မှီရာ, အာရုံသည် အခြားတစ်ပါးတည်း၊ သောတဝိညာဏ်၏ မှီရာ, အာရုံသည် အခြား တစ်ပါးတည်း၊ ဃာနဝိညာဏ်၏ မှီရာ, အာရုံသည် အခြားတစ်ပါးတည်း၊ဇိဝှာဝိညာဏ်၏ မှီရာ, အာရုံ သည် အခြားတစ်ပါးတည်း၊ကာယဝိညာဏ်၏ မှီရာ, အာရုံသည် အခြားတစ်ပါးတည်း။

၇၆၃။ တစ်ပါးသည် တစ်ပါး၏ အာရုံကို မခံစားကုန်ဟူသည် စက္ခုဝိညာဏ်၏ ကျက်စားရာ အာရုံကို သောတဝိညာဏ်သည် မခံစား၊ သောတဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း စက္ခုဝိညာဏ် သည် မခံစား။ စက္ခုဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ဃာနဝိညာဏ်သည် မခံစား၊ ဃာနဝိညာဏ်

၏ ကျက်စားရာအာရုံကိုလည်း စက္ခုဝိညာဏ်သည် မခံစား။ စက္ခုဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ဇိဝှာဝိညာဏ်သည် မခံစား၊ ဇိဝှာဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း စက္ခုဝိညာဏ်သည် မခံစား။ စက္ခုဝိညာဏ်၏ ကျက်စားရာအာရုံကို ကာယဝိညာဏ်သည် မခံစား၊ ကာယဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း စက္ခုဝိညာဏ်သည် မခံစား။

သောတဝိညာဏ်၏ ။ပ။ ဃာနဝိညာဏ်၏။ပ။ ဇိဝှာဝိညာဏ်၏။ပ။ ကာယဝိညာဏ်၏ ကျက်စားရာ အာရုံကိုလည်း စက္ခုဝိညာဏ်သည် မခံစား၊ စက္ခုဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ကာယဝိညာဏ်သည် မခံစား။

ကာယဝိညာဏ်၏ ကျက်စားရာအာရုံကို သောတဝိညာဏ်သည် မခံစား၊ သောတဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ကာယဝိညာဏ်သည် မခံစား။

ကာယဝိညာဏ်၏ ကျက်စားရာအာရုံကို ဃာနဝိညာဏ်သည် မခံစား၊ ဃာနဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ကာယဝိညာဏ်သည် မခံစား။

ကာယဝိညာဏ်၏ ကျက်စားရာ အာရုံကို ဇိဝှာဝိညာဏ်သည် မခံစား၊ ။ ဇိဝှာဝိညာဏ်၏ ကျက်စားရာအာရုံကိုလည်း ကာယဝိညာဏ်သည် မခံစား။

၇၆၄။ အာဝဇ္ဇန်းကင်းလျက် မဖြစ်ကုန်ဟူသည် ဆင်ခြင်သူအား ဖြစ်ကုန်၏။

နှလုံးမသွင်းဘဲ မဖြစ်ကုန်ဟူသည် နှလုံးသွင်းသူအား ဖြစ်ကုန်၏။

ရောပြွမ်း၍ မဖြစ်ကုန်ဟူသည် အစဉ်အတိုင်း မဖြစ်ကုန်။

မရှေးမနှောင်း မဖြစ်ကုန်ဟူသည် တစ်ခဏတည်း (တစ်ပြိုင်တည်း) မဖြစ်ကုန်။

၇၆၅။ တစ်ပါးသည် တစ်ပါး၏ အခြားမဲ့၌ မဖြစ်ကုန်ဟူသည် စက္ခုဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌ သောတဝိညာဏ်သည် မဖြစ်၊ သောတဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌လည်း စက္ခုဝိညာဏ် မဖြစ်။

စက္ခုဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌ ဃာနဝိညာဏ် မဖြစ်၊ ဃာနဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌လည်း စက္ခုဝိညာဏ်သည် မဖြစ်။

စက္ခုဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌ ဇိဝှာဝိညာဏ်သသည် မဖြစ်၊ ဇိဝှာဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌လည်း စက္ခုဝိညာဏ်သည် မဖြစ်။

စက္ခုဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌ ကာယဝိညာဏ်သည် မဖြစ်၊ ကာယဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌လည်း စက္ခုဝိညာဏ်သည် မဖြစ်။

သောတဝိညာဏ်၏ ။ပ။

ဃာနဝိညာဏ်၏။ပ။

ဇိဝှာဝိညာဏ်၏။ပ။

ကာယဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌ စက္ခုဝိညာဏ်သည် မဖြစ်၊ စက္ခုဝိညာဏ်ဖြစ်သည်မှ အခြားမဲ့၌လည်း ကာယဝိညာဏ် မဖြစ်။

ကာယဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌ သောတဝိညာဏ်သည် မဖြစ်၊ သောတဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌လည်း ကာယဝိညာဏ် မဖြစ်။

ကာယဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌ ဃာနဝိညာဏ်သည် မဖြစ်၊ ဃာနဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌လည်း ကာယဝိညာဏ် မဖြစ်။

ကာယဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌ ဇိဝှာဝိညာဏ်သည် မဖြစ်၊ ဇိဝှာဝိညာဏ်ဖြစ်မှသည် အခြားမဲ့၌လည်း ကာယဝိညာဏ် မဖြစ်။

၇၆၆။ ဝိညာဏ်ငါးပါးတို့သည် နှလုံးသွင်း မရှိကုန်ဟူသည် ဝိညာဏ်ငါးပါးတို့အား ဘဝင်အစဉ်ကို လည်ခြင်းသည် လည်းကောင်း၊ ဆင်ခြင်ခြင်းသည် လည်းကောင်း၊စိတ်ကူးခြင်းသည် လည်းကောင်း၊ နှလုံးသွင်းခြင်းသည် လည်းကောင်း မရှိကုန်။

ဝိညာဏ်ငါးပါးတို့ဖြင့် တစ်စုံတစ်ခုသော တရားကို အထူးမသိဟူသည် ငါးပါးသော ဝိညာဏ်တို့ဖြင့် တစ်စုံတစ်ခုသော တရားကို သီးခြားအထူး မသိ။

ရှေးရှုကျခြင်းမျှကို ကြဉ်၍ဟူသည် ထင်ခြင်းမျှကို ကြဉ်၍။

ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း တစ်စုံတစ်ခုသော တရားကို အထူးမသိဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း တစ်စုံတစ်ခုသော တရားကို သီးခြားအထူးမသိ။

ဝိညာဏ်ငါးပါးတို့ဖြင့် တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်ဟူသည် ဝိညာဏ်ငါးပါးတို့ဖြင့် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟူသော တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်ဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟူသော တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာ မဖြစ်စေနိုင်ဟူသည် ဝိညာဏ်ငါးပါးတို့ဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာ မဖြစ်စေနိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် အခြားမဲ့၌လည်း ကိုယ်အမူအရာ နှုတ်အမူအရာ မဖြစ်စေနိုင် ဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း ကိုယ်အမူအရာ နှုတ်အမူအရာ မဖြစ်စေနိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင် ဟူသည် ဝိညာဏ်ငါးပါးတို့ဖြင့် ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် သမပတ်ကို မဝင်စားနိုင် သမပတ်မှ မထနိုင် ဟူသည် ဝိညာဏ်ငါးပါးတို့ဖြင့် သမပတ်ကို မဝင်စားနိုင် သမပတ်မှ မထနိုင်။

ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း သမပတ်ကို မဝင်စားနိုင် သမပတ်မှ မထနိုင်ဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း သမပတ်ကို မဝင်စားနိုင် သမပတ်မှ မထနိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် မစုတေနိုင်၊ပဋိသန္ဓေ မနေနိုင်ဟူသည် ငါးပါးသောဝိညာဏ်တို့ဖြင့် မစုတေနိုင်၊ ပဋိသန္ဓေ မနေနိုင်။

ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း မစုတေနိုင်၊ပဋိသန္ဓေ မနေနိုင်ဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း မစုတေနိုင်၊ပဋိသန္ဓေ မနေနိုင်။

ဝိညာဏ်ငါးပါးတို့ဖြင့် မအိပ် မနိုး အိပ်မက်မမက်နိုင်ဟူသည် ဝိညာဏ်ငါးပါးတို့ဖြင့် မအိပ် မနိုး မမက်နိုင်။

ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌လည်း မအိပ် မနိုး အိပ်မက်မမက်နိုင်ဟူသည် ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ဖြစ်သော မနောဓာတ်ဖြင့်လည်း မအိပ် မနိုး အိပ်မက်မမက်နိုင်။ ဤသို့ ဟုတ်မှန်သော တည်ရာအကြောင်းကို ထင်စွာပြသော ပညာသည် ဖြစ်၏။ ဤသို့ တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**တစ်ခုသော ဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း-

၇၆၇။(၁) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် လောက၌ အကျုံးဝင်သော ပညာ တည်း၊ မဂ်လေးပါး၊ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် လောကမှ ထွက်မြောက်သော ပညာတည်း။

(၂) ပညာအလုံးစုံသည်သာလျှင် တစ်စုံတစ်ခုသော စိတ်ဖြင့် သိအပ်သော ပညာတည်း၊ တစ်စုံတစ်ခု သော စိတ်ဖြင့် မသိအပ်သော ပညာတည်း။

(၃) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အာသဝ၏အာရုံဖြစ်သော ပညာတည်း၊ မဂ်လေးပါးတို့ ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် အာသဝ၏အာရုံမဟုတ်သော ပညာတည်း။

(၄) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာတည်း။

(၅) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် သံယောဇဉ်၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် သံယောဇဉ်၏ အာရုံမဟုတ်သော ပညာ တည်း။

(၆) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ အာရုံသာ ဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် သံယောဇဉ်နှင့် မယှဉ် သံယောဇဉ်၏ အာရုံမဟုတ်သော ပညာတည်း။

(၇) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဂန္ထ၏ အာရုံဖြစ်သော ဂန္ထ၏ အာရုံ မဟုတ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဂန္ထ၏ အာရုံ မဟုတ်သော ပညာတည်း။

(၈) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဂန္ထနှင့်မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ် သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဂန္ထနှင့်လည်း မယှဉ် ဂန္ထ၏ အာရုံ လည်းမဟုတ်သော ပညာတည်း။

(၉) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဩဃ၏အာရုံဖြစ်သော ပညာ တည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဩဃ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၀) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဩဃနှင့်မယှဉ်မူ၍ ဩဃ၏အာရုံ ဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဩဃနှင့်မယှဉ် ဩဃ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၁) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ယောဂ၏အာရုံဖြစ်သော ပညာ တည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ယောဂ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၂) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ယောဂနှင့်မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ယောဂနှင့်လည်း မယှဉ် ယောဂ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၃) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် နီဝရဏ၏အာရုံဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် နီဝရဏ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၄) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် နီဝရဏနှင့်လည်း မယှဉ်, နီဝရဏ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၅) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ပရာမာသ၏ အာရုံဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ပရာမာသ၏ အာရုံမဟုတ်သော ပညာတည်း။

(၁၆) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ပရာမာသနှင့်မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ပရာမာသနှင့် လည်း မယှဉ်, ပရာမာသ၏ အာရုံလည်းမဟုတ်သော ပညာတည်း။

(၁၇) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော ပညာတည်း၊ဘုံသုံးပါးတို့၌ ကုသိုလ်၌ဖြစ်သော ပညာသည် လည်းကောင်း၊ ကြိယာအဗျာကတ၌ ဖြစ်သော ပညာသည် လည်းကောင်း၊ မဂ်လေးပါး ဖိုလ်လေးပါး တို့၌ ဖြစ်သော ပညာသည် လည်းကောင်း၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော ပညာတည်း။

(၁၈) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဥပါဒါန်၏ အာရုံဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဥပါဒါန်၏ အာရုံမဟုတ်သော ပညာတည်း။

(၁၉) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဥပါဒါန်နှင့်လည်း မယှဉ်, ဥပါဒါန်၏ အာရုံလည်းမဟုတ်သော ပညာတည်း။

(၂၀) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ကိလေသာ၏ အာရုံဖြစ်သော ပညာ တည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ကိလေသာ၏ အာရုံမဟုတ်သော ပညာ တည်း။

(၂၁) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ ၏ အာရုံသာဖြစ်သော ပညာတည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ကိလေသာ နှင့်လည်း မယှဉ်, ကိလေသာ၏ အာရုံလည်းမဟုတ်သော ပညာတည်း။

(၂၂)ဝိတက်နှင့်ယှဉ်သော ပညာသည် ဝိတက်ရှိသော ပညာတည်း၊ ဝိတက်နှင့်မယှဉ်သော ပညာသည် ဝိတက်မရှိသော ပညာတည်း။

(၂၃)ဝိစာရနှင့်ယှဉ်သော ပညာသည် ဝိစာရရှိသော ပညာတည်း၊ ဝိစာရနှင့်မယှဉ်သော ပညာသည် ဝိစာရမရှိသော ပညာတည်း။

(၂၄) ပီတိနှင့်ယှဉ်သော ပညာသည် ပီတိရှိသော ပညာတည်း၊ ပီတိနှင့်မယှဉ်သော ပညာသည် ပီတိ မရှိသော ပညာတည်း။

(၂၅) ပီတိနှင့်ယှဉ်သော ပညာသည် ပီတိနှင့်တကွဖြစ်သော ပညာတည်း၊ ပီတိနှင့်မယှဉ်သော ပညာသည် ပီတိနှင့်တကွမဖြစ်သော ပညာတည်း။

(၂၇) သုခဝေဒနာနှင့်ယှဉ်သော ပညာသည် သုခဝေဒနာနှင့်တကွဖြစ်သော ပညာတည်း၊ သုခဝေဒနာ နှင့်မယှဉ်သော ပညာသည် သုခဝေဒနာနှင့်တကွမဖြစ်သော ပညာတည်း။

(၂၈) ဥပေက္ခာဝေဒနာနှင့်ယှဉ်သော ပညာသည် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပညာတည်း၊ ဥပေက္ခာဝေဒနာနှင့်မယှဉ်သော ပညာသည် ဥပေက္ခာဝေဒနာနှင့်တကွမဖြစ်သော ပညာတည်း။

(၂၉) ကာမာဝစရကုသိုလ် အဗျာကတ၌ဖြစ်သော ပညာသည် ကာမာဝစရမည်သော ပညာတည်း၊ ရူပဘုံ၌ဖြစ်သော ပညာသည်, အရူပဘုံ၌ဖြစ်သော ပညာ, ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာသည် ကာမာဝစရမည်သော ပညာတည်း။

(၃၀) အရူပဝစရကုသိုလ် အဗျာကတ၌ဖြစ်သော ပညာသည် အရူပဝစရမည်သော ပညာတည်း၊ ကာမ ဘုံ၌ဖြစ်သော ပညာ, ရူပဘုံ၌ဖြစ်သော ပညာ, ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာသည် အရူပဝစရ မည်သော ပညာတည်း။

(၃၁) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ဘုံသုံးပါး၌ အကျုံးဝင်သော ပညာ တည်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာတည်း။

(၃၂) မဂ်လေးပါးတို့၌ဖြစ်သော ပညာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပညာ တည်း။ ဘုံသုံးပါးတို့၌ ကုသိုလ်ဖြစ်သော ပညာသည် လည်းကောင်း၊ ဘုံလေးပါးတို့၌ ဝိပါက်၌ဖြစ်သော ပညာ သည် လည်းကောင်း၊ ကြိယာအဗျာကတ၌ဖြစ်သော ပညာသည် လည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက် မြောက်ကြောင်းမဟုတ်သော ပညာတည်း။

(၃၃) မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် အကျိုးပေးမြဲသော ပညာတည်း၊ ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် လည်းကောင်း၊ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည လည်းကောင်း၊ ဘုံသုံးပါးတို့၌ ကြိယာအဗျာကတ၌ဖြစ်သော ပညာသည် လည်းကောင်း အကျိုးပေး မမြဲ သော ပညာတည်း။

(၃၄) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် မိမိထက် လွန်မြတ်သော တရား ရှိသော ပညာတည်း။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် မိမိထက် လွန်မြတ်သော တရား မရှိသော ပညာတည်း။

ထို၌ အဘယ်သည် အကျိုးကို ဖြစ်စေတတ်သော ပညာနည်း။

(၃၅) ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် လည်းကောင်း၊ အဘိညာဉ်ကို ဖြစ်စေသော, သမာပတ်ကို ဖြစ်စေသော, ရဟန္တာ၏ ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည် လည်းကောင်း အကျိုးကို ဖြစ်စေတတ်သော ပညာတည်း။ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည် လည်း ကောင်း၊ ဖြစ်ပြီးသော အဘိညာဉ်, ဖြစ်ပြီးသော သမာပတ်ရှိသော, ရဟန္တာ၏ ကိရိယာ အဗျာကတ၌ ဖြစ်သော ပညာသည် လည်းကောင်း ဖြစ်စေအပ်ပြီးသော အကျိုးရှိသော ပညာတည်း။ ဤသို့ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**နှစ်ခုသောဉာဏ်အရေအတွက်ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၃ - သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၇၆၈။ (၁) ထိုသုံးပါး အဖို့အစုရှိသောဉာဏ်တို့တွင် အဘယ်သည် အကြံအစည်ဖြင့် ပြီးသော 'စိန္တာမယ' ပညာ မည်သနည်း။

ပညာဖြင့် စီရင်အပ်ကုန်သော အမှုတို့၌ လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (သိပ္ပံ) အတတ်တို့၌ လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (ဝိဇ္ဇာ) အတတ်ဖြစ်ကြောင်းတို့၌ လည်းကောင်း ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသော ဉာဏ်ကို လည်းကောင်း၊ "ရုပ်သည် မမြဲဟူ၍ လည်းကောင်း၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲဟူ၍ လည်းကောင်း (ဖြစ်သော)" သစ္စာအားလျော်သော ဉာဏ်ကို လည်းကောင်း၊ ဤသို့ သဘောရှိသော ကမ္မာယတနတို့အား လည်းကောင်း၊ သစ္စာအား လည်းကောင်း လျော်သော အကြင် ခံနိုင်ရည်ရှိမှု 'ခန္တိ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခာ' နှင့် သဘောတရားကို ကြံစည်နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ' တို့ကို သူတစ်ပါးတို့၏ နည်းညွှန်စကားကို မကြားရဘဲ သိရ၏။ ဤသဘောကို အကြံအစည်ဖြင့် ပြီးသော 'စိန္တာမယ' ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အကြားအမြင်ဖြင့် ပြီးသော 'သုတမယ' ပညာ မည်သနည်း။

ပညာဖြင့် စီရင်အပ်ကုန်သော အမှုတို့၌ လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (သိပ္ပံ) အတတ်တို့၌ လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (ဝိဇ္ဇာ) အတတ်ဖြစ်ကြောင်းတို့၌ လည်းကောင်း၊ ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသော ဉာဏ်ကို လည်းကောင်း၊ "ရုပ်သည် မမြဲဟူ၍ လည်းကောင်း၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲဟူ၍ လည်းကောင်း၊ (ဖြစ်သော)" သစ္စာအားလျော်သော ဉာဏ်ကို လည်းကောင်း၊ ဤသို့ သဘောရှိသော (ကမ္မာယတနတို့ အား လည်းကောင်း၊)၊ သစ္စာအား လည်းကောင်း လျော်သော အကြင် ခံနိုင်ရှိမှု 'ခန္တိ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခာ' နှင့် သဘောတရားကို ကြံစည်နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ' တို့ကို သူတစ်ပါးတို့၏ နည်းညွှန်စကားကို ကြား၍ သိရ၏။ ဤသဘောကို အကြားအမြင်ဖြင့် ပြီးသော 'သုတမယ' ပညာဟု ဆိုအပ်၏။ သမာပတ်ဝင်စားသူ၏ အလုံးစုံလည်း ဖြစ်သော ပညာသည် ပွါးများခြင်းဖြင့် ပြီးသော 'ဘာဝနာမယ' ပညာတည်း။

၇၆၉။ (၂) ထိုတွင် အဘယ်သည် ပေးကမ်းခြင်း 'ဒါန' ဖြင့် ပြီးသော 'ဒါနမယ' ပညာ မည်သနည်း။

ပေးကမ်းခြင်းကို အကြောင်းပြု၍ ပေးကမ်းခြင်းသို့ ရောက်သူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ပေးကမ်းခြင်း ဒါနဖြင့် ပြီးသော 'ဒါနမယ' ပညာဟု ဆိုအပ်၏။

ထိုတွင်အဘယ်သည် အကျင့် သီလဖြင့်ပြီးသော 'သီလမယ' ပညာ မည်သနည်း။

အကျင့်သီလကို အကြောင်းပြု၍ အကျင့်သီလသို့ ရောက်သူအား အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို အကျင့်သီလဖြင့် ပြီးသော 'သီလမယ' ပညာဟု ဆိုအပ်၏။

သမာပတ်ဝင်စားသူ၏ အလုံးစုံသော ပညာသည် ပွါးများခြင်းဖြင့် ပြီးသော 'ဘာဝနာမယ' ပညာ မည်၏။

၇၇၀။ (၃) ထိုတွင် အဘယ်သည် လွန်ကဲသော သီလ၌ ဖြစ်သော ပညာ မည်သနည်း။

ပါတိမောက္ခသံဝရသီလကို စောင့်စည်းသူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို လွန်ကဲသော သီလ၌ ဖြစ်သော ပညာဟု ဆိုအပ်၏။

ထိုတွင်အဘယ်သည် လွန်ကဲသော စိတ်၌ ဖြစ်သော ပညာ မည်သနည်း။

ရူပါဝစရ အရူပါဝစရသမာပတ်ကို ဝင်စားသူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို လွန်ကဲသော စိတ်၌ ဖြစ်သော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် လွန်ကဲသော ပညာ၌ ဖြစ်သော ပညာ မည်သနည်း။

မဂ်လေးပါး ဖိုလ်လေးပါးတို့၌ဖြစ်သော ပညာသည် ရှိ၏။ ဤသဘောကို လွန်ကဲသော ပညာ၌ ဖြစ်သော ပညာဟု ဆိုအပ်၏။

၇၇၁။ (၄) ထိုတွင် အဘယ်သည် ကြီးပွါးရေး၌ လိမ္မာသော ပညာ မည်သနည်း။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုလည်း ပယ်အပ်ကုန်၏၊ ဤတရားတို့ကို နှလုံးသွင်းသူအားကား မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း လွန်စွာ ဖြစ်ရန် ပြန့်ပြောရန် ပွါးများရန် ပြည့်စုံရန် ဖြစ်ကုန်၏ဟု အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ကြီးပွါးရေး၌ လိမ္မာသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆုတ်ယုတ်ရေး၌ လိမ္မာသော ပညာ မည်သနည်း။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ချုပ်ကုန်၏၊ ဤတရားတို့ကို နှလုံးသွင်းသူအားကား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်လည်း လွန်စွာဖြစ်ရန် ပြန့်ပြောရန် ဖြစ်ကုန်၏ဟု အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆုတ်ယုတ်ရေး၌ လိမ္မာသော ပညာဟု ဆိုအပ်၏။

ထိုသိခြင်း၌ ဥပါယ် (အကြောင်း) ဖြစ်သော အလုံးစုံလည်းဖြစ်သော ပညာသည် ဥပါယ်၌ လိမ္မာသော ပညာ မည်၏။

၇၇၂။ (၅) ဘုံလေးပါးတို့၌ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်)၌ ဖြစ်သော ပညာသည် အချင်ချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ပညာ မည်၏။ ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် အကျိုးကို ဖြစ်စေခြင်း သဘောရှိသော ပညာ မည်၏။ ဘုံသုံးပါးတို့၌ ကိရိယာ အဗျာကတ၌ ဖြစ်သော ပညာသည် အချင်ချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော ပညာ မည်၏။

၇၇၃။ (၆) ဘုံသုံးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်သော ပညာမည်၏။ ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သောပညာ, ဘုံသုံးပါးတို့၌ ကိရိယာ အဗျာကတ၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သော ပညာမည်၏။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည်

ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ပညာ မည်၏။

၇၇၄။ (၇) ဝိတက်နှင့်လည်း ယှဉ်, ဝိစာရနှင့်လည်း ယှဉ်သော ပညာသည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ပညာ မည်၏။ ဝိတက်နှင့်မယှဉ်, ဝိစာရနှင့်သာ ယှဉ်သော ပညာသည် ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသော ပညာမည်၏။ ဝိတက် ဝိစာရနှင့် မယှဉ်သော ပညာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ပညာ မည်၏။

၇၇၅။ (၈) ပီတိနှင့် ယှဉ်သော ပညာသည် ပီတိနှင့်တကွဖြစ်သော ပညာမည်၏။ သုခဝေဒနာနှင့် ယှဉ်သော ပညာသည် သုခဝေဒနာနှင့်တကွဖြစ်သော ပညာမည်၏၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ပညာသည် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပညာမည်၏။

၇၇၆။ (၉) ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော ပညာ မည်၏။ မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပညာမည်၏။ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာနှင့် ဘုံသုံးပါးတို့၌ ကိရိယာ အဗျာကတ၌ ဖြစ်သော ပညာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ပညာမည်၏။

၇၇၇။ (၁၀) မဂ်လေးပါး ဖိုလ်သုံးပါးတို့၌ ဖြစ်သော ပညာသည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာ မည်၏။ အထက်ဆုံး အရဟတ္တဖိုလ်၌ ဖြစ်သော ပညာသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာမည်၏။ ဘုံသုံးပါးတို့၌ ကုသိုလ် ဝိပါက် ကိရိယာအဗျာကတတို့၌ ဖြစ်သော ပညာသည် သေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ပညာ မည်၏။

၇၇၈။ (၁၁) ကာမာဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အာနုဘော် နည်းသော (ကာမ) ပညာ မည်၏။ ရူပါဝစရ အရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် မြတ်သည်၏ အဖြစ်သို့ ရောက်သော (မဟဂ္ဂုတ်) ပညာမည်၏။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (လောကုတ္တရာ) ပညာမည်၏။

၇၇၉။ (၁၂) ထိုတွင် အဘယ်သည် ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာ မည်သနည်း။

ပရိတ္တ(ကာမ) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၀။ ထိုတွင် အဘယ်သည် မဟဂ္ဂုတ်ကို အာရုံပြုသော ပညာ မည်သနည်း။

မဟဂ္ဂုတ်တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မဟဂ္ဂုတ်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၁။ ထိုတွင် အဘယ်သည် အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသော ပညာ မည် သနည်း။

အပ္ပမာဏ (လောကုတ္တရာ) တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုသော ပညာဟု ဆိုအပ် ၏။

၇၈၂။ (၁၃) ထိုတွင် အဘယ်သည် မဂ်ကို အာရုံပြုသော ပညာ မည်သနည်း။

အရိယမဂ်ကို အကြောင်းပြု၍ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသောအမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို မဂ်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် မဂ်ဟုဆိုအပ်သော အကြောင်းရှိသော ပညာမည်၏။

၇၈၃။ ထိုတွင် အဘယ်သည် မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိသော ပညာ မည်သနည်း။

အရိယမဂ်ကို အကြီးအမှူးပြု၍ အကြင်သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိသော ပညာဟု ဆိုအပ်၏။

၇၈၄။ (၁၄) ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည် အချို့ ဖြစ်ဆဲ ဖြစ်၏၊ အချို့ ဖြစ်လတ္တံ့ ဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်ဟု မဆိုအပ်။ ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာ (နှင့်) ဘုံသုံးပါးတို့၌ ကိရိယာ အဗျာကတ၌ ဖြစ်သော ပညာသည်အချို့ ဖြစ်ဆဲ ဖြစ်၏၊ အချို့ ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်၊ ဖြစ်လတ္တံ့ဟု မဆိုအပ်။

၇၈၅။ (၁၅) ပညာ အလုံးစုံသည် အချို့ ဖြစ်ပြီး (အတိတ်) ဖြစ်၏၊ အချို့ မရောက်သေး (အနာဂတ်) ဖြစ်၏၊ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်၏။

၇၈၆။ (၁၆) ထိုတွင် အဘယ်သည် ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာ မည်သနည်း။

ဖြစ်ပြီး (အတိတ်) တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’ ။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၇။ ထိုတွင် အဘယ်သည် မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာ မည်သနည်း။

မရောက်သေး (အနာဂတ်) တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု ‘ပညာ’ သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၈။ ထိုတွင် အဘယ်သည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာ မည်သနည်း။

ဖြစ်ဆဲ (ပစ္စုပ္ပန်) တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’ ။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၉။ (၁၇) ပညာ အလုံးစုံသည် အချို့ မိမိသန္တာန်၌ ဖြစ်၏၊ အချို့ သူတစ်ပါးသန္တာန်၌ ဖြစ်၏၊ အချို့ မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်၏။

၇၉၀။ (၁၈-က) ထိုတွင် အဘယ်သည် မိမိသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

မိမိသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’ ။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို မိမိသန္တာန်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၉၁။ (၁၈-ခ)ထိုတွင် အဘယ်သည် သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၉၂။ (၁၈-၈)ထိုတွင် အဘယ်သည် မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

ဤသို့ သုံးမျိုးသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**သုံးခုသောဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၄ - လေးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၇၉၃။ ထိုတွင် အဘယ်သည် ကံသာလျှင် မိမိဉစ္စာဖြစ်၏ဟု သိသော 'ကမ္မဿကတာ' ဉာဏ် မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် ရှိ၏၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း (အကျိုး) သည် ရှိ၏၊ ယဇ်ငယ် (အလှူငယ်) ပူဇော်ရခြင်း (အကျိုး) သည် ရှိ၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဖျားသည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တမလွန် လောကသည် ရှိ၏၊ အမိသည် ရှိ၏၊ အဖသည် ရှိ၏၊ သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကို လည်းကောင်း၊ တမလွန် လောကကို လည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏ဟု ဤသို့ သဘောရှိသော အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ' ။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ကံသာလျှင် မိမိဉစ္စာဖြစ်၏ဟု သိသော 'ကမ္မဿကတာ' ဉာဏ်ဟု ဆိုအပ်၏။

သစ္စာအားလျော်သော ဉာဏ်ကို ထား၍ အာသဝ၏ အာရုံဖြစ်သော ကုသိုလ်ပညာ အလုံးစုံသည် လည်း ကံသာလျှင် မိမိဉစ္စာဖြစ်၏ဟု သိသော 'ကမ္မဿကတာ' ဉာဏ် မည်၏။ ထိုတွင် အဘယ်သည် သစ္စာအားလျော်စွာဖြစ်သော ဉာဏ် မည်သနည်း။

ရုပ်သည် မမြဲဟူ၍ လည်းကောင်း၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲဟူ၍ လည်းကောင်း၊ ဤသို့ သဘောရှိသော သစ္စာအားလျော်သော အကြင် ခံနိုင်ခြင်း 'ခန္တိ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခ' နှင့် သဘောတရားကို ကြံစည်နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ' သည် ရှိ၏၊ ဤသဘောကို သစ္စာအားလျော်စွာဖြစ်သော ဉာဏ်ဟု ဆိုအပ်၏။ မဂ်

လေးပါးတို့၌ ဖြစ်သော ပညာသည် မင်နှင့်ပြည့်စုံသူအား ဖြစ်သော ဉာဏ်မည်၏။ ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် ဖိုလ်နှင့် ပြည့်စုံသူအား ဖြစ်သော ဉာဏ်မည်၏။ (၁)

၇၉၄။ ဤမင်နှင့် ပြည့်စုံသူ၏ အသိဉာဏ်သည် ဆင်းရဲမှု၌ သိသောဉာဏ်၊ ဆင်းရဲမှု ဖြစ်ကြောင်း၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာ၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်မည်၏။ ထိုတွင် အဘယ်သည် ဆင်းရဲမှု၌ သိသော ဉာဏ်မည်သနည်း။

ဆင်းရဲမှုကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု၌ သိသော ဉာဏ်ဟု ဆိုအပ်၏။

ဆင်းရဲမှု ဖြစ်ကြောင်းကို အကြောင်းပြု၍။ပ။ ဆင်းရဲမှု ချုပ်ရာကို အကြောင်းပြု၍။ပ။ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်ဟု ဆိုအပ်၏။ (၂)

၇၉၅။ ကာမာဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ကာမဘုံ၌ ဖြစ်သော ပညာမည်၏။ ရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ရူပဘုံ၌ ဖြစ်သော ပညာမည်၏။ အရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အရူပဘုံ၌ ဖြစ်သော ပညာမည်၏။ မင်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် ဘုံသုံးပါး၌ အကျုံး မဝင်သော ပညာမည်၏။ (၃)

၇၉၆။ ထိုတွင် အဘယ်သည် တရား၌ သိသော ဉာဏ်မည်သနည်း။

မင်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် တရား၌ သိသောဉာဏ်မည်၏။ ထိုသူသည် ဤ (မင်ဉာဏ် ဖိုလ်ဉာဏ်) တရားဖြင့် သိသောအားဖြင့် မြင်သောအားဖြင့် ရောက်သောအားဖြင့် ထိုးထွင်း သိသောအားဖြင့် သက်ဝင်သောအားဖြင့် အတိတ် အနာဂတ်ကာလ၌ နည်းကို ဆောင်၏၊ အချို့သော သမဏဗြာဟ္မဏတို့သည် အတိတ်ကာလ၌ ဖြစ်သော ဆင်းရဲမှုကို သိကုန်၏၊ ဆင်းရဲမှု ဖြစ်ကြောင်းကို သိကုန်၏၊ ဆင်းရဲမှု ချုပ်ရာကို သိကုန်၏၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏၊ ထို (သမဏဗြာဟ္မဏ) တို့သည် ဤဆင်းရဲမှုကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ဖြစ်ကြောင်းကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ချုပ်ရာကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုသာ သိကုန်၏။ အချို့ သမဏဗြာဟ္မဏတို့သည်ကား အနာဂတ်ကာလ၌ ဖြစ်သော ဆင်းရဲမှုကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ဖြစ်ကြောင်းကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ချုပ်ရာကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိကုန်လတ္တံ့။ ထို (သမဏဗြာဟ္မဏ) တို့သည်လည်း ဤဆင်းရဲမှုကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ဖြစ်ကြောင်းကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ချုပ်ရာကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုသာ သိကုန်လတ္တံ့ဟု အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို အလျော်၌ သိသော ဉာဏ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပိုင်းခြားခြင်း၌ သိသော ဉာဏ်မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် တစ်ပါးသောသတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်းရှိသော စိတ်ကိုလည်း 'တပ်မက်ခြင်းရှိသော စိတ်' ဟု သိ၏၊ တပ်မက်ခြင်း ကင်းသော စိတ်ကိုလည်း 'တပ်မက်ခြင်း ကင်းသောစိတ်' ဟု သိ၏၊ အမျက်ထွက်ခြင်း ရှိသော စိတ်ကိုလည်း 'အမျက်ထွက်ခြင်းရှိသော စိတ်' ဟု သိ၏၊ အမျက်ထွက်ခြင်း ကင်းသော စိတ်ကိုလည်း 'အမျက်ထွက်ခြင်း ကင်းသောစိတ်' ဟု သိ၏၊ တွေဝေခြင်းရှိသော စိတ်ကိုလည်း 'တွေဝေခြင်း

ရှိသောစိတ်’ ဟု သိ၏၊ တွေဝေခြင်း ကင်းသော စိတ်ကိုလည်း ‘တွေဝေခြင်း ကင်းသောစိတ်’ ဟုသိ၏၊ ပျံ့လွင့်သော စိတ်ကိုလည်း ‘ပျံ့လွင့်သောစိတ်’ ဟု သိ၏၊ ပျံ့လွင့်ခြင်း ကင်းသောစိတ်ကိုလည်း ‘ပျံ့လွင့်ခြင်း ကင်းသောစိတ်’ ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော စိတ်ကိုလည်း ‘မြတ်သည်၏ အဖြစ်သို့ ရောက်သောစိတ်’ ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ကိုလည်း ‘မြတ်သည်၏ အဖြစ်သို့ မရောက်သောစိတ်’ ဟု သိ၏၊ မိမိထက် လွန်မြတ်သော တရားရှိသော စိတ်ကိုလည်း ‘မိမိထက် လွန်မြတ်သော တရားရှိသောစိတ်’ ဟု သိ၏၊ မိမိထက် လွန်မြတ်သော တရားမရှိသော စိတ်ကိုလည်း မိမိထက်လွန်မြတ်သော တရားမရှိသော စိတ်’ ဟု သိ၏၊ တည်ကြည်သော စိတ်ကိုလည်း ‘တည်ကြည်သောစိတ်’ ဟု သိ၏၊ မတည်ကြည်သော စိတ်ကိုလည်း ‘မတည်ကြည်သော စိတ်’ ဟု သိ၏၊ ကိလေသာမှ လွတ်သောစိတ်ကိုလည်း ‘ကိလေသာမှ လွတ်သောစိတ်’ ဟု သိ၏၊ ကိလေသာမှ မလွတ်သော စိတ်ကိုလည်း ‘ကိလေသာမှ မလွတ်သောစိတ်’ ဟု သိ၏။ ထိုသို့ သိရာ၌ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောကို ပိုင်းခြားခြင်း၌ သိသော ဉာဏ်ဟု ဆိုအပ်၏။ တရား၌ဖြစ်သော ဉာဏ် အလျော်၌ ဖြစ်သော ဉာဏ် ပိုင်းခြားခြင်း၌ ဖြစ်သော ဉာဏ်ကို ထား၍ ကြွင်းသော ဉာဏ်ပညာသည် သမုတ်ခြင်း၌ သိသောဉာဏ်တည်း။ (၄)

၇၉၇။ ထိုတွင် အဘယ်ပညာသည် စုတိပဋိသန္ဓေ အလို့ငှါသာ ဖြစ်၍ နိဗ္ဗာန် အလို့ငှါသာ မဖြစ်သော ပညာမည်သနည်း။

ကာမာဝစရကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋိသန္ဓေ အလို့ငှါသာ ဖြစ်၍ နိဗ္ဗာန် အလို့ငှါ မဖြစ်။ မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် နိဗ္ဗာန် အလို့ငှါသာ ဖြစ်၍ စုတိပဋိသန္ဓေ အလို့ငှါ မဖြစ်။ ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋိသန္ဓေ အလို့ငှါလည်းဖြစ်, နိဗ္ဗာန် အလို့ငှါလည်းဖြစ်၏။ ကြွင်းသော ပညာသည် စုတိပဋိသန္ဓေ အလို့ငှါလည်း မဖြစ်, နိဗ္ဗာန် အလို့ငှါလည်း မဖြစ်။ (၅)

၇၉၈။ ထိုတွင် အဘယ်ပညာသည် ငြီးငွေ့ရန်သာဖြစ်၍ ထိုးထွင်း၍ သိခြင်းငှါ မဖြစ်သနည်း။

အကြင် ပညာဖြင့် ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်း၏၊ အဘိညာဉ်တို့ကိုလည်း မသိ၊ သစ္စာတို့ကိုလည်း မသိ၊ ဤပညာကို ငြီးငွေ့ရန်သာဖြစ်၍ ထိုထွင်း၍ သိခြင်းငှါ မဖြစ်ဟု ဆိုအပ်၏။ ထိုသူသည်ပင် ပညာဖြင့် ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်းသည်ဖြစ်၍ အဘိညာဉ်တို့ကို သိ၏၊ သစ္စာတို့ကိုကား မသိ၊ ဤပညာကို ထိုးထွင်း၍ သိရန်သာဖြစ်၍ ငြီးငွေ့ခြင်းငှါ မဖြစ်ဟု ဆိုအပ်၏၊ မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် ငြီးငွေ့ခြင်းငှါလည်း ဖြစ်၏၊ ထိုးထွင်း၍ သိခြင်းငှါလည်း ဖြစ်၏၊ ကြွင်းသော ပညာသည် ငြီးငွေ့ခြင်းငှါလည်း မဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါလည်း မဖြစ်။ (၆)

၇၉၉။ ထိုတွင် အဘယ်ပညာသည် ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်သနည်း။

ပဌမစျာန်ကို ရသူမှာ လိုချင်မှု ‘ကာမ’ နှင့်တကွဖြစ်သော အမှတ် ‘သညာ’, နှလုံးသွင်းမှု ‘မနသိကာရ’ တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာ မည်၏။ ထိုစျာန် အားလျော်သော သဘောရှိသော အောက်မေ့မှု သတိသည် တည်တံ့၏။ (ထိုသူ၏ ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏။ ကြံစည်မှု ‘ဝိတက်’ ကင်းသော အမှတ် ‘သညာ’, နှလုံးသွင်းမှု ‘မနသိကာရ’ တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသော ပညာ မည်၏။ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့်စပ်သော အမှတ် ‘သညာ’, နှလုံးသွင်းမှု ‘မနသိကာရ’ တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာ မည်၏။ ဒုတိယစျာန်ရသူမှာ ဝိတက်နှင့်တကွဖြစ်သော အမှတ် ‘သညာ’, နှလုံးသွင်းမှု ‘မနသိကာရ’ တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ထိုဒုတိယစျာန် အားလျော်သော သဘောရှိသော အောက်မေ့မှု ‘သတိ’ သည် တည်၏၊ (ထိုသူ၏ ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာ

မည်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသောပညာ မည်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ တတိယဈာန်ရသူမှာ ပီတိ, သုခနှင့်တကွ ဖြစ်ပြီးသော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ထိုတတိယ ဈာန်အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏၊ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသော ပညာမည်၏၊ ငြီးငွေ့ခြင်း နှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ စတုတ္ထဈာန်ရသူမှာ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ထိုစတုတ္ထဈာန် အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏၊ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ အာကာသာနဉ္စာယတန ဈာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသောပညာ မည်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ အာကာသာနဉ္စာယတနဈာန်ရသူမှာ ရုပ်နှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ၎င်းဈာန် အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏၊ (ထိုသူ၏ ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ ဝိညာဏဉ္စာယတနဈာန်နှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ထူးသော အဖို့ရှိသော ပညာ မည်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ ဝိညာဏဉ္စာယတနဈာန်ရသူမှာ အာကာသာနဉ္စာယတနဈာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာ မည်၏၊ ထိုဝိညာဏဉ္စာယတနဈာန် အားလျော်သော အဖို့ရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏၊ (ထိုသူ၏ ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ အာကိဉ္စညာယတနဈာန်နှင့်တကွ ဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသော ပညာမည်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ အာကိဉ္စညာယတနဈာန်ရသူမှာ ဝိညာဏဉ္စာယတနဈာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ထိုအာကိဉ္စညာယတနဈာန် အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏၊ (ထိုသူ၏ ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ နေဝသညာနာသညာယတနဈာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသောအဖို့ ရှိသော ပညာမည်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ (၇)

၈၀၀။ ထိုတွင် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်လေးပါးတို့ဟူသည် အဘယ်တို့နည်း။ အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊ အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊ သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍

သိသောဉာဏ်၊ အကျိုးအကြောင်း သဒ္ဒါတို့၌ အကျယ်ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့သည် ရှိကုန်၏။ အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ အကြောင်း၌ ခွဲခြမ်း စိတ်ဖြာ၍ သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ ထိုအကျိုး အကြောင်းတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ 'သဒ္ဒါ' ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏၊ အကျိုး အကြောင်း သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။ ဤသည်ကိုကား ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်လေးပါးတို့တည်း။ (၈)

၈၀၁။ ထိုတွင် အဘယ်တို့သည် အကျင့်လေးပါး၌ သိသော ဉာဏ်တို့ မည်ကုန်သနည်း။

ဆင်းရဲငြိုငြင်သော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာ၊ ဆင်းရဲငြိုငြင်သော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ၊ ချမ်းသာသော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာ၊ ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာတို့သည် ရှိကုန်၏။ ထိုတွင် အဘယ်သည် ဆင်းရဲငြိုငြင်သော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာမည်သနည်း။

ငြိုငြင်ပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေရ၍ နှံ့နှေးစွာ (လောကုတ္တရာစျာန်ကို) သိသောသူအား အကြင် သိခြင်း 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို ဆင်းရဲငြိုငြင်သော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆင်းရဲငြိုငြင်သော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ မည်သနည်း။

ငြိုငြင်ပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေရ၍ လျင်မြန်စွာ (လောကုတ္တရာစျာန်ကို) သိသော သူအား အကြင် သိခြင်း 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို ဆင်းရဲငြိုငြင်သော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာသော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာမည်သနည်း။

မငြိုငြင် မပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေရ၍ နှံ့နှေးစွာ (လောကုတ္တရာ) စျာန်ကို သိသောသူအား အကြင် သိခြင်း 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို ချမ်းသာသော အကျင့် နှံ့နှေးသော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ မည်သနည်း။

မငြိုငြင် မပင်ပန်းသဖြင့် တည်ကြည်မှု "သမာဓိ" ကို ဖြစ်စေ၍ လျင်မြန်စွာ (လောကုတ္တရာ) စျာန်ကို သိသော သူအား အကြင် သိခြင်း 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို ချမ်းသာသော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ဤသည်တို့ကား အကျင့်လေးပါးတို့၌ သိသောဉာဏ် မည်ကုန်၏။ (၉)

၈၀၂။ ထိုတွင် အဘယ်တို့သည် အာရုံလေးပါးတို့၌ သိသောဉာဏ် မည်ကုန်သနည်း။

အာနုဘော် နည်းသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာ၊ အာနုဘော် နည်းသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာ၊ အတိုင်းမရှိသော အာနုဘော်ရှိသော အနည်းငယ်မျှ ပျံ့နှံ့

သော အာရုံရှိသော ပညာ၊ အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာတို့တည်း။

ထိုတွင် အဘယ်သည် အာနုဘော် နည်းသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာ မည်သနည်း။

လေ့လာ၍ မရဖူးသော သမာဓိစျာန်၏ အာရုံကို အနည်းငယ် ဖြန့်သူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ "ပဇာနနာ"။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အာနုဘော် နည်းသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အာနုဘော် နည်းသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာမည်သနည်း။

လေ့လာ၍ မရဖူးသော သမာဓိစျာန်၏ အာရုံကို များများဖြန့်သူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အာနုဘော် နည်းသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတိုင်းမရှိသော အာနုဘော်ရှိသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာ မည်သနည်း။

လေ့လာ၍ ရဖူးသော သမာဓိစျာန်၏ အာရုံကို အနည်းငယ် ဖြန့်သူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အတိုင်းမရှိသော အာနုဘော် ရှိသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာ မည်သနည်း။

လေ့လာ၍ရဖူးသော သမာဓိစျာန်၏အ ာရုံကို များများဖြန့်သူအား အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ဤသည်တို့ကား အာရုံလေးပါးတို့၌ သိသောဉာဏ်တို့တည်း။ (၁၀)

မဂ်နှင့် ပြည့်စုံသူ၏ အသိဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် အိုခြင်း သေခြင်း၌ သိသော ဉာဏ်၊ အိုခြင်း သေခြင်း ဖြစ်ကြောင်း၌ သိသော ဉာဏ်၊ အိုခြင်း သေခြင်းချုပ်ရာ၌ သိသော ဉာဏ်၊ အိုခြင်း သေခြင်းချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်တည်း။

ထိုတွင် အဘယ်သည် အိုခြင်း သေခြင်း၌ သိသောဉာဏ် မည်သနည်း။

အိုခြင်း သေခြင်းကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အိုခြင်း သေခြင်း၌ သိသောဉာဏ်ဟု ဆိုအပ်၏။ အိုမှု သေမှု ဖြစ်ကြောင်းကို အကြောင်းပြု၍။ပ။ အိုမှု သေမှု ချုပ်ရာကို အကြောင်းပြု၍။ပ။ အိုမှု သေမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု

'အမောဟ'၊ သဘော တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်ဟု ဆိုအပ်၏။ (၁၁)

၈၀၃။ မဂ်နှင့် ပြည့်စုံသူ၏ အသိဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် ပဋိသန္ဓေနေမှု 'ဇာတိ' ၌ သိသော ဉာဏ်။ပ။ ဖြစ်ကြောင်းကံ 'ဘဝ' ၌ သိသော ဉာဏ်။ပ။ စွဲလမ်းမှု 'ဥပါဒါန်'၌ သိသော ဉာဏ်။ပ။ တပ်မက်မှု 'တဏှာ' ၌ သိသော ဉာဏ်။ပ။ ခံစားမှု 'ဝေဒနာ' ၌ သိသော ဉာဏ်။ပ။ တွေ့ထိမှု 'ဖဿ' ၌ သိသော ဉာဏ်။ပ။ အာယတနခြောက်ပါး၌ သိသော ဉာဏ်။ပ။ နာမ်ရုပ်၌ သိသော ဉာဏ်။ပ။ ဝိညာဏ်၌ သိသော ဉာဏ်။ပ။ သင်္ခါရတို့၌ သိသော ဉာဏ်၊ သင်္ခါရဖြစ်ကြောင်း၌ သိသော ဉာဏ်၊ သင်္ခါရချုပ်ရာ၌ သိသော ဉာဏ်၊ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်တည်း။ (၁၂-၂၁)

ထိုတွင် အဘယ်သည် သင်္ခါရတို့၌ သိသောဉာဏ် မည်သနည်း။

သင်္ခါရတို့ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို သင်္ခါရတို့၌ သိသော ဉာဏ်ဟု ဆိုအပ်၏။ သင်္ခါရဖြစ်ကြောင်းကို အကြောင်းပြု၍။ပ။ သင်္ခါရချုပ်ရာကို အကြောင်းပြု၍။ပ။ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို သင်္ခါရချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်ဟု ဆိုအပ်၏။ ဤသို့ လေးမျိုးသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာတို့သည် ဖြစ်ကုန်၏။

**လေးခုသောဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၅ - ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၄။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသော ကောင်းသော တည်ကြည်မှု မည်သနည်း။

နှစ်သက်မှု၌ ပျံ့နှံ့ခြင်း၊ ချမ်းသာမှု၌ ပျံ့နှံ့ခြင်း၊ စိတ်၌ ပျံ့နှံ့ခြင်း၊ အလင်း၌ ပျံ့နှံ့ခြင်း၊ အကြောင်းကို ဆင်ခြင်ခြင်းတည်း။

စျာန်နှစ်ပါးတို့၌ ဖြစ်သော ပညာသည် နှစ်သက်မှု၌ ပျံ့နှံ့သော ပညာမည်၏၊ စျာန်သုံးပါးတို့၌ ဖြစ်သော ပညာသည် ချမ်းသာမှု၌ ပျံ့နှံ့သော ပညာမည်၏၊ သူတစ်ပါး စိတ်ကို သိသော ဉာဏ်သည် စိတ်၌ ပျံ့နှံ့သော ပညာမည်၏၊ နတ်မျက်စိ 'ဒိဗ္ဗစက္ခု' သည် အလင်း၌ ပျံ့နှံ့သော ပညာမည်၏၊ ၎င်းထို သမာဓိစျာန်မှ ထသူ၏ ဆင်ခြင်သော ဉာဏ်သည် အကြောင်းကို ဆင်ခြင်သော ပညာမည်၏။ ဤသဘောကို အင်္ဂါငါးပါးရှိသော ကောင်းသော တည်ကြည်မှု ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဉာဏ်ငါးပါးရှိသော ကောင်းသော တည်ကြည်မှု မည်သနည်း။

ဤတည်ကြည်မှုသည် ပစ္စုပ္ပန် ချမ်းသာလည်း ဖြစ်၏၊ နောင်အခါ၌လည်း ချမ်းသာသော အကျိုး ရှိသည်ဖြစ်၏ဟု မျက်မှောက်၌သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုသည် မြတ်၏၊ အမှား သုံးသပ်မှု မှကင်း၏ဟု မျက်မှောက်၌သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုကား ယောကျ်ား မြတ်တို့ မှီဝဲအပ်၏ဟု မျက်မှောက်၌သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုကား ငြိမ်သက်၏၊ မြတ်၏၊ ငြိမ်းချမ်းမှုကို ရအပ်၏၊ မြတ်သော တည်ကြည်ခြင်းကို ပွါးများ၍ ရအပ်၏၊ တိုက်တွန်းခြင်းဖြင့် နှိပ်ကွပ် တားမြစ်၍ ရောက်အပ်သည် မဟုတ်ဟု မျက်မှောက်၌သာ အသိဉာဏ်သည် ဖြစ်၏။ စင်စစ် ထိုသူသည် ဤတည်ကြည်မှုကို “ငါသည် သတိရှိလျက် ဝင်စား၏၊ သတိရှိလျက် ထ၏” ဟု မျက်မှောက်၌ သာ အသိဉာဏ်သည် ဖြစ်၏။ ဤသဘောကို ဉာဏ်ငါးပါးရှိသော ကောင်းသော တည်ကြည်မှု ဟု ဆိုအပ် ၏။

ဤသို့ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**ငါးခုသောဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၆ - ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၈၀၅။ ထိုတွင် အဘယ်သည် အဘိညာဉ်ခြောက်ပါးတို့၌ ဖြစ်သော ပညာ မည်သနည်း။

တန်ခိုး ဖန်ဆင်းခြင်း၌ ဖြစ်သော အသိဉာဏ်၊ သောတဓာတ် စင်ကြယ်ခြင်း၌ ဖြစ်သော အသိဉာဏ်၊ သူတစ်ပါးစိတ်ကို သိသော အသိဉာဏ်၊ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း၌ ဖြစ်သော အသိဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ ဖြစ်သော အသိဉာဏ်၊ အာသဝတို့၏ ကုန်ရာ၌ ဖြစ်သော အသိဉာဏ်တို့တည်း။

ဤသို့ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**ခြောက်ခုသောဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၇ - ခုနစ်ခုသော အဖို့အစုရှိအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၆။ ထိုတွင် အဘယ်တို့သည် ခုနစ်ဆယ့်ခုနစ်ပါးသော ဉာဏ်တည်းဟူသော တည်ရာတို့ မည်ကုန်သနည်း။

(၁) ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု 'ဇရာမရဏ' ဖြစ်၏ဟု သိသော ဉာဏ်၊ ပဋိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာ မရဏ' မရှိဟု သိသော ဉာဏ်၊ အတိတ်ကာလ၌လည်း ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု "ဇရာ မရဏ" ဖြစ်၏ဟု သိသော ဉာဏ်၊ ပဋိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာမရဏ' မရှိဟု သိသော ဉာဏ်၊ အနာဂတ်ကာလ၌လည်း ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု 'ဇရာမရဏ' ဖြစ်၏ဟု သိသော ဉာဏ်၊ ပဋိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာ မရဏ' မရှိဟု သိသော ဉာဏ်၊ ထိုပုဂ္ဂိုလ်၏ ထိုတရားခြောက်ပါး၌ တည်သော (ဓမ္မဋ္ဌိတိ) ဉာဏ်သည်လည်း "ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ တပ်မက်ခြင်းမှ ကင်းခြင်း သဘော ရှိ၏၊ ချုပ်ခြင်း သဘော ရှိ၏" ဟု သိသော ဉာဏ်။

(၂) ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၃) စွဲလမ်းမှု 'ဥပါဒါန်' အကြောင်းခံကြောင့် ဘဝထင်ရှားဖြစ်၏ဟု သိသောဉာဏ်။ပ။

(၄) တပ်မက်မှု 'တဏှာ' အကြောင်းခံကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၅) ခံစားမှု 'ဝေဒနာ'အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၆) တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၇) အာယတနခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၈) နာမ်ရုပ် အကြောင်းခံကြောင့် အာယတနခြောက်ပါး ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၉) ဝိညာဏ် အကြောင်းခံကြောင့် နာမ် ရုပ်ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၁၀) သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၁၁) မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရဖြစ်၏ဟု သိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင် သင်္ခါရမရှိဟု သိသောဉာဏ်၊ အတိတ်ကာလ၌ လည်း မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရ ဖြစ်၏ဟု သိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင် သင်္ခါရမရှိဟု သိသောဉာဏ်၊ အနာဂတ်ကာလ၌ လည်း မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရဖြစ်၏ဟု သိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင် သင်္ခါရမရှိဟု သိသောဉာဏ်။ ထိုပုဂ္ဂိုလ်၏ ထိုတရား ခြောက်ပါး၌ တည်သော (ဓမ္မဋ္ဌိတိ) ဉာဏ်သည်လည်း "ကုန်ခြင်း သဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ တပ်မက်ခြင်းမှ ကင်းခြင်းသဘော ရှိ၏၊ ချုပ်ခြင်း သဘောရှိ၏" ဟု သိသောဉာဏ်၊ ဤသည်တို့ကား ခုနစ်ဆယ့်ခုနစ်ပါးသော ဉာဏ်တည်းဟူသော တည်ရာတို့ မည်ကုန်၏။

ဤသို့ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**ခုနစ်ခုသောဉာဏ်အရေအတွက် ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၈ - ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၇။ ထိုတွင် အဘယ်သည် မဂ်လေးပါးတို့၌ လည်းကောင်း၊ ဖိုလ်လေးပါးတို့၌ လည်းကောင်း ဖြစ်သော ပညာ မည်သနည်း။

သောတာပတ္တိမဂ်၌ ဖြစ်သော ပညာ၊ သောတာပတ္တိဖိုလ်၌ ဖြစ်သော ပညာ၊ သကဒါဂါမိမဂ်၌ ဖြစ်သော ပညာ၊ သကဒါဂါမိဖိုလ်၌ ဖြစ်သော ပညာ၊ အနာဂါမိမဂ်၌ ဖြစ်သော ပညာ၊ အနာဂါမိဖိုလ်၌ ဖြစ်သော ပညာ၊ အရဟတ္တမဂ်၌ ဖြစ်သော ပညာ၊ အရဟတ္တဖိုလ်၌ ဖြစ်သော ပညာတို့တည်း။ ဤသည်ကား မဂ်လေးပါးတို့၌ လည်းကောင်း ဖိုလ်လေးပါးတို့၌ လည်းကောင်း ဖြစ်သော ပညာမည်၏။ ဤသို့ ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**ရှစ်ခုသောဉာဏ်အရေအတွက်ပြီး၏။**

## ၉ - ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၈၀၈။ ထိုတွင် အဘယ်သည် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ကိုးပါးတို့၌ ဖြစ်သော ပညာ မည်သနည်း။

ပဌမဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ ဒုတိယဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ တတိယဈာန် သမာပတ်၌ ဖြစ်သော ပညာ၊ စတုတ္ထဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ အာကာသာနဉ္စာယတန သမာပတ်၏၌ ဖြစ်သော ပညာ၊ ဝိညာဏဉ္စာယတနသမာပတ်၌ ဖြစ်သော ပညာ၊ အာကိဉ္စညာယတနသမာပတ်၌ ဖြစ်သော ပညာ၊ နေဝသညာနာသညာယတန သမာပတ်၌ ဖြစ်သော ပညာ၊ သညာ ဝေဒနာ ချုပ်ခြင်း ရှိသော နိရောဓသမာပတ်မှ ထသူ၏ ပစ္စဝေက္ခဏာဉာဏ်ပညာတို့တည်း။ ဤသည်ကား အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ကိုးပါးတို့၌ ဖြစ်သော ပညာမည်၏။ ဤသို့ ကိုးခုသော အဖို့အစု အားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

**ကိုးခုသောဉာဏ်အရေအတွက်ပြီး၏။**

# ဉာဏဝိဘင်္ဂ

## ၁၀ - ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၈၀၉။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အကြောင်း ဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သောအားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်း မှန်စွာ သိသော ဉာဏ်မည်သနည်း။

ဤသာသနာတော်၌ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရကို မြဲသော 'နိစ္စ' အားဖြင့် ယူရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် တစ်စုံတစ်ခုသော သင်္ခါရကို မြဲသော 'နိစ္စ' အားဖြင့် ယူရန် အကြောင်းကား စင်စစ် ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရကို ချမ်းသာ 'သုခ' အနေအားဖြင့် ယူရန် အကြောင်း မဟုတ်၊ အခါအခွင့်မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် တစ်စုံတစ်ခုသော သင်္ခါရကို ချမ်းသာ 'သုခ' အနေအားဖြင့် ယူရန် အကြောင်းကား စင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တရား တစ်စုံတစ်ခုကို အသက်လိပ်ပြာ (အတ္တ) အားဖြင့် ယူရန်အကြောင်း မဟုတ်၊ အခါအခွင့် မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် တရားတစ်စုံတစ်ခုကို အသက် လိပ်ပြာ (အတ္တ) အားဖြင့် ယူရန် အကြောင်းကား စင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် အမိကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် အမိကို သတ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် အဖကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ရဟန္တာကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ပြစ်မှားသော စိတ်ဖြင့် မြတ်စွာဘုရားကို သွေးထွက်သံယို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ သံဃာ သင်းခွဲရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ တစ်ပါးသော ဆရာကို ဆရာဟု ညွှန်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ရှစ်ခုမြောက်သော ဘဝကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် ရှစ်ခုမြောက်သော ဘဝကို ဖြစ်စေရန် အကြောင်းကား စင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ်တစ်ခုတည်း၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း (တစ်ပြိုင်တည်း) ပွင့်တော်မူကြရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ် တစ်ခုတည်း၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတစ်ဆူသာ ပွင့်တော်မူရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ် တစ်ခုတည်း၌ စကြဝတေးမင်း နှစ်ပါးတို့သည် မရှေးမနှောင်း (တစ်ပြိုင်တည်း) ဖြစ်ပေါ်နိုင်ကြရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ် တစ်ခုတည်း၌ စကြဝတေးမင်း တစ်ပါးတည်းသာ ဖြစ်ပေါ်နိုင်ရန် အကြောင်းကား စင်စစ်ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မိန်းမသည် ပူဇော်အထူးကို ခံထိုက်သော ဘုရားဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ယောကျ်ားသည် ပူဇော်အထူးကို ခံထိုက်သော ဘုရားဖြစ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မိန်းမသည် စကြဝတေးမင်းဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ယောကျ်ားသည် စကြဝတေးမင်းဖြစ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည်

ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မိန်းမသည် သိကြားမင်းဖြစ်ရန် မာရ်နတ်မင်းဖြစ်ရန် ဗြဟ္မာမင်း
ဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။
ယောက်ျားသည် သိကြားမင်းဖြစ်ရန် မာရ်နတ်မင်းဖြစ်ရန် ဗြဟ္မာမင်းဖြစ်ရန် အကြောင်းကား စင်စစ်ရှိ၏၊
ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်
သည် အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊
အခါအခွင့်မဟုတ်၊ ဤအကြောင်းသည်မရှိဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော
မကောင်းမှု ဒုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးကို ဖြစ်စေ
ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့်
ပြုအပ်သော မကောင်းမှု ဒုစရိုက်သည်။ပ။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုရှိအပ်
နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊
ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်
သည်။ပ။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို
မပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု
ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုမရှိအပ် မနှစ်သက်
အပ် နှလုံးကို မပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊
ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်သည်
အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊
ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်
သည်။ပ။ စိတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို
မပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည်
မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်သည်။ပ။ စိတ်ဖြင့်
ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးကို
ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။
ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့်
ကိုယ်ခန္ဓာပျက်ကွေ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ကပ်ရောက်ရန်
အကြောင်းမဟုတ်၊ အခါအခွင့် မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့်
ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ
ပျက်ကွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်
ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။
နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု
ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်ကွေ သေသည်မှ
နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊
ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့်
ပြည့်စုံသူသည်။ပ။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း
အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်ကွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော
လားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ်ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု
ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း
အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်ကွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော
လားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အထောက်အပံ့မဟုတ်၊ ဤအကြောင်း
သည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည်
ထိုအကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်ကွေ သေသည်မှနောက်၌ ကောင်းသော လားရာ

နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်ကြွေ သေသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အထောက်အပံ့ မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့် ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့် ကိုယ်ခန္ဓာ ပျက်ကြွေ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ အမှတ်မရှိသော တရားတို့သည် အမှတ်မရှိသော တရားတို့၏ အကြောင်း အထောက်အပံ့တို့တည်း။

ထိုထို အကြောင်းကို စွဲ၍ ဖြစ်ကုန်၏။ အမှတ်မရှိသော တရားတို့သည် အမှတ်မရှိသော တရားတို့၏ အကြောင်း အထောက်အပံ့ မဟုတ်ကုန်၊ ထိုထို အကြောင်း မဟုတ်သည်ကို စွဲ၍ ဖြစ်ကုန်သည် ဟု အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ အကြောင်း ဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သောအားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၁)

# ဉာဏဝိဘင်

## (၂) ဒုတိယ ဉာဏ်တော်အဖွင့်

၈၁၀။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည် အပ်သော ကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ယုတ်မာကုန်သော ဆောက်တည် အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိ၏ ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိ၏ ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလ၏ ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုး မပေးကုန်။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂ၏ ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည် ဖြစ်၍ အကျိုးမပေးကုန် (ဟု ဘုရားသခင် သိတော်မူ၏)။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိ ချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည် အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည် အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂ ချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏ (ဟု ဘုရားသခင် သိတော်မူ၏)။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုး မပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံ

တို့သည် ဥပဓိချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂ ချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုး မပေးကုန် (ဟု ဘုရားသခင် သိတော်မူ၏)။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏ (ဟု ဘုရားသခင်သိတော်မူ၏)။

ဤသို့ ထိုကံ အကျိုးတရားတို့၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်မည်၏။ (၂)

# ဉာဏဝိဘင်္ဂ

## (၃) တတိယဉာဏ်တော်အဖွင့်

၈၁၁။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ဤလမ်းစဉ် ဤအကျင့်သည် ငရဲသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် ပြိတ္တာဘုံသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် လူ့ပြည်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် နတ်ပြည်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏ ဟု ထိုလားရာ ဂတိအမျိုးမျိုးတို့၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ လားရာ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်မည်၏။ (၃)

# ဉာဏဝိဘင်္ဂ

## (၄) စတုတ္ထဉာဏ်တော်အဖွင့်

၈၁၂။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ များသောဓာတ်, အထူးထူးသော ဓာတ်ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ဘုရားသခင်သည် ခန္ဓာ အမျိုးမျိုးရှိခြင်းကို သိတော်မူ၏။ တည်ရာ အာယတန အမျိုးမျိုး ရှိခြင်းကို သိတော်မူ၏။ ဓာတ် အမျိုးမျိုးရှိခြင်းကို သိတော်မူ၏။ များသောဓာတ်, အထူးထူးသော ဓာတ်ရှိသော လောက အမျိုးမျိုးရှိခြင်းကို သိတော်မူ၏ ဟု ထိုလောကကို သိရာ၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ များသော ဓာတ် အထူးထူးသော ဓာတ်ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်မည်၏။ (၄)

# ဉာဏဝိဘင်္ဂ

## (၅) ပဥ္စမဉာဏ်တော်အဖွင့်

၈၁၃။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ သတ္တဝါတို့ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ မြတ်သော နှလုံးသွင်း ရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်း ရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏ ဟု ဘုရားသခင် သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏ ဟု ဘုရားသခင် သိတော်မူ၏။ အတိတ် ကာလ၌လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီဟု ဘုရားသခင် သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ ဟု ဘုရားသခင် သိတော်မူ၏။ အနာဂတ်ကာလ၌ လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲ ကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့ ဟု ဘုရားသခင် သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ်ကပ် ရောက်ကုန်လတ္တံ့ ဟု ဘုရားသခင် သိတော်မူ၏ ဟု ထိုအရာ၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ သတ္တဝါတို့ အထူးထူး နှလုံးသွင်းရှိခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်မည်၏ (၅)

# ဉာဏဝိဘင်္ဂ

## (၆) ဆဋ္ဌဉာဏ်တော်အဖွင့်

၈၁၄။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ တစ်ပါးသော သတ္တဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ဘုရားသခင်သည် သတ္တဝါတို့၏ အလို 'အာသယ' ကို သိတော်မူ၏၊ အနုသယကို သိတော်မူ၏၊ စရိုက်ကို သိတော်မူ၏၊ နှလုံးသွင်းကို သိတော်မူ၏၊ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာမြူ များပြားသော သတ္တဝါ၊ ဣန္ဒြေထက်သော သတ္တဝါ၊ ဣန္ဒြေနုံ့သော သတ္တဝါ၊ ကောင်းသော အခြင်းအရာရှိသော သတ္တဝါ၊ မကောင်းသော အခြင်းအရာရှိသော သတ္တဝါ၊ သိလွယ်သော သတ္တဝါ၊ သိခဲသော သတ္တဝါ၊ ကျွတ်ထိုက်သော သတ္တဝါ၊ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူ၏။

၈၁၅။ အဘယ်သည် သတ္တဝါတို့၏ အလို 'အာသယ' မည်သနည်း။

လောကသည် မြဲ၏ဟူ၍ လည်းကောင်း၊ လောကသည် မမြဲဟူ၍ လည်းကောင်း၊ လောကသည် အဆုံးရှိ၏ဟူ၍ လည်းကောင်း၊ လောကသည် အဆုံး မရှိဟူ၍ လည်းကောင်း၊ အသက်သည် ကိုယ်ပင် တည်းဟူ၍ လည်းကောင်း၊ အသက်တခြား ကိုယ်တခြားဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီး နောက်ဖြစ်၏ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍ လည်းကောင်း ဤသို့ သတ္တဝါတို့သည် သဿတဒိဋ္ဌိကိုလည်း မှီကုန်၏၊ ဥစ္ဆေဒဒိဋ္ဌိကိုလည်း မှီကုန်၏၊ ဤနှစ်စုံစီသော အဖို့အစုတို့သို့လည်း မကပ်ရောက်မူ၍ အကြောင်းအကျိုး တရားတို့၌ မဂ်နှင့်လျော်သော နှစ်သက်တတ်သော ဝိပဿနာ ဉာဏ်ကို ရ၏။ ဟုတ်တိုင်းမှန်စွာ သိသော မဂ်ဉာဏ်ကို ရ၏။ ဤသဘောသည် သတ္တဝါတို့၏ အလို 'အာသယ' မည်၏။

၈၁၆။ အဘယ်သည် သတ္တဝါတို့၏ အနုသယ မည်သနည်း။

အနုသယတို့သည် ခုနစ်ပါးတို့တည်း။ ကာမဂုဏ်တို့၌ တပ်မက်မှု 'ကာမရာဂါနုသယ'၊ အမျက်ထွက်မှု 'ပဋိဃာနုသယ'၊ ထောင်လွှားမှု 'မာနာနုသယ'၊ အယူမှားမှု 'ဒိဋ္ဌာနုသယ'၊ တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာနုသယ'၊ ဘဝ၌ တပ်မက်မှု 'ဘဝရာဂါနုသယ'၊ မသိမှု 'အဝိဇ္ဇာနုသယ' တို့တည်း။

လောက၌ ချစ်အပ်သော သဘော သာယာအပ်သော သဘောသည် ရှိ၏၊ ဤ၌ သတ္တဝါတို့၏ တပ်မက်မှု 'ရာဂါနုသယ' သည် ကိန်း၏။ လောက၌ မချစ်အပ်သော သဘော မသာယာအပ်သော သဘောသည် ရှိ၏။ ဤ၌ သတ္တဝါတို့၏ အမျက်ထွက်မှု 'ပဋိဃာနုသယ' သည် ကိန်း၏။ ဤသို့ ဤတရားနှစ်ပါးတို့၌ မသိမှု 'အဝိဇ္ဇာ' သည် ကျရောက်၏။ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း ထိုနှင့် အတူတည်းဟု မှတ်အပ်၏။ ဤသည်ကား သတ္တဝါတို့၏ အနုသယ မည်၏။

၈၁၇။ အဘယ်သည် သတ္တဝါတို့၏ စရိုက် မည်သနည်း။

နည်းသော အကျိုး, များသော အကျိုးရှိသော ကာမကုသိုလ်, ရူပကုသိုလ်စေတနာဟူသော ပုညာဘိ သင်္ခါရ၊ အကုသိုလ်စေတနာဟူသော အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စေတနာဟူသော အာနေဉ္ဇာဘိ သင်္ခါရဟူသော ဤအဘိသင်္ခါရသုံးပါးအပေါင်းသည် သတ္တဝါတို့၏ စရိုက်မည်၏။

၈၁၈။ အဘယ်သည် သတ္တဝါတို့၏ နှလုံးသွင်း မည်သနည်း။

ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏။ အတိတ်ကာလ၌ လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ။ အနာဂတ်ကာလ၌လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်း ရှိသော သတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်း ရှိသော သတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့။ ဤသဘောသည် သတ္တဝါတို့၏ နှလုံးသွင်းမည်၏။

၈၁၉။ အဘယ်သူတို့သည် ပညာမျက်စိ၌ ကိလေသာမြူ များပြားသော သတ္တဝါတို့ မည်ကုန်သနည်း။

ကိလေသာ ဝတ္ထုတို့သည် ဆယ်ပါးတို့တည်း။ တပ်မက်မှု 'လောဘ'၊ အမျက်ထွက်မှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ စိတ်မခံ့ကျန်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မရှက်မှု 'အဟိရိက'၊ မလန့်မှု 'အနောတ္တပ္ပ' တို့တည်း။

ဤကိလေသာ ဝတ္ထုဆယ်ပါးတို့ကို မှီဝဲကုန်သော၊ ပွါးများကုန်သော၊ အကြိမ်များစွာ ပြုကုန်သော၊ ပြန့်ပြောခြင်းသို့ ရောက်ကုန်သော သတ္တဝါတို့သည် ပညာမျက်စိ၌ ကိလေသာမြူ များပြားသော သတ္တဝါတို့ မည်ကုန်၏။

၈၂၀။ အဘယ်သူတို့သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါတို့ မည်ကုန်သနည်း။

ဤကိလေသာ ဝတ္ထုဆယ်ပါးတို့ကို မမှီဝဲကုန်သော၊ မပွါးများကုန်သော၊ အကြိမ်များစွာ မပြုကုန်သော၊ ပြန့်ပြောခြင်းသို့ မရောက်ကုန်သော သတ္တဝါတို့သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သတ္တဝါတို့ မည်ကုန်၏။

၈၂၁။ အဘယ်သူတို့သည် နုံ့သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

ဣန္ဒြေတို့သည် ငါးပါးတို့တည်း။ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အောက်မေ့မှု 'သတိန္ဒြေ'၊ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ' တို့တည်း။

ဤဣန္ဒြေငါးပါးတို့ကို မမှီဝဲကုန်သော၊ မပွါးများကုန်သော၊ အကြိမ်များစွာ မပြုကုန်သော၊ ပြန့်ပြောခြင်းသို့ မရောက်ကုန်သော သတ္တဝါတို့သည် နုံ့သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၂။ အဘယ်သူတို့သည် ထက်သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

ဤဣန္ဒြေငါးပါးတို့ကို မှီဝဲကုန်သော၊ ပွါးများကုန်သော၊ အကြိမ်များစွာ ပြုကုန်သော၊ ပြန့်ပြောခြင်းသို့ ရောက်ကုန်သော သတ္တဝါတို့သည် ထက်သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၃။ အဘယ်သူတို့သည် မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

သတ္တဝါတို့သည် မကောင်းသော အလို 'အာသယ' ရှိကုန်၏၊ မကောင်းသော အနုသယ ရှိကုန်၏၊ မကောင်းသော စရိုက် ရှိကုန်၏၊ မကောင်းသော နှလုံးသွင်းရှိကုန်၏၊ ပညာမျက်စိ၌ ကိလေသာမြူ များပြားကုန်၏၊ နုံ့သော ဣန္ဒြေရှိကုန်၏၊ ဤသူတို့သည် မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၄။ အဘယ်သူတို့သည် ကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

သတ္တဝါတို့သည် ကောင်းသော အလို 'အာသယ' ရှိကုန်၏၊ ကောင်းသော စရိုက်ရှိကုန်၏၊ ကောင်းသော နှလုံးသွင်း ရှိကုန်၏၊ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးကုန်၏၊ ထက်သော ဣန္ဒြေရှိကုန်၏၊ ဤသူတို့သည် ကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၅။ အဘယ်သူတို့သည် ခဲယဉ်းစွာ သိစေအပ်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင် သတ္တဝါတို့သည် မကောင်းသော အခြင်းအရာ ရှိကုန်၏၊ ထိုသတ္တဝါတို့သည်ပင် ခဲယဉ်းစွာ သိစေအပ်သော သတ္တဝါတို့ မည်ကုန်၏။ အကြင် သတ္တဝါတို့သည်ကား ကောင်းသော အခြင်းအရာ ရှိကုန်၏၊ ထိုသတ္တဝါတို့သည်ပင် လွယ်ကူစွာ သိစေအပ်သော သတ္တဝါတို့ မည်ကုန်၏။

၈၂၆။ အဘယ်သူတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင် သတ္တဝါတို့သည် (ပဥ္စာနန္တရိယဟူသော) ကံ ပိတ်ပင်မှု ရှိကုန်၏၊ (နိယတမိစ္ဆာဒိဋ္ဌိဟူသော) ကိလေသာ ပိတ်ပင်မှု ရှိကုန်၏၊ (အဟိတ်ပဋိသန္ဓေဟူသော) ဝိပါက် ပိတ်ပင်မှု ရှိကုန်၏၊ ယုံကြည်မှု မရှိကုန်၊ မဂ်ကို ရအောင် အားထုတ်ဖို့ရန် အလိုမရှိကုန်၊ ပညာနည်းကုန်၏၊ ကုသိုလ်တရားတို့၌ မဖောက်ပြန် မှန်ကန်သော သဘောရှိသော၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲသော မဂ်သို့ သက်ရောက် ခြင်းငှါ မထိုက်ကုန်။ ဤသူတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်၏။

၈၂၇။ အဘယ်သူတို့သည် ကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင် သတ္တဝါတို့သည် ကံပိတ်ပင်မှု မရှိကုန်၊ ကိလေသာ ပိတ်ပင်မှု မရှိကုန်၊ ဝိပါက် ပိတ်ပင်မှု မရှိကုန်၊ ယုံကြည်မှု ရှိကုန်၏၊ (မဂ်ကို ရအောင် အားထုတ်ဖို့ရန်) အလိုရှိကုန်၏၊ ပညာရှိကုန်၏၊ ကုသိုလ်တရားတို့၌ မဖောက်ပြန် မှန်ကန်သော သဘောရှိသော၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်အစွမ်းဖြင့် မြဲသော မဂ်သို့ သက်ရောက်ခြင်းငှါ ထိုက်ကုန်၏။ ဤသူတို့သည် ကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်၏ဟု ထိုအရာ၌ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ တစ်ပါးသော သတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၆)

# ဉာဏဝိဘင်္ဂ

## (၇) သတ္တမဉာဏ်တော်အဖွင့်

၈၂၈။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်း, ဖြူစင်ခြင်း, ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဈာန်ဝင်စားသူဟူရာ၌ ဈာန်ဝင်စားသူ လေးမျိုး ရှိကုန်၏။ အချို့ ဈာန်ဝင်စားသူသည် ပြည့်စုံသည်သာဖြစ်လျက် ချို့တဲ့၏ဟု အမှတ်ရှိ၏၊ အချို့ ဈာန်ဝင်စားသူသည် ချို့တဲ့သည်သာဖြစ်လျက် ပြည့်စုံ၏ဟု အမှတ်ရှိ၏၊ အချို့ ဈာန်ဝင်စားသူသည် ပြည့်စုံသည်သာဖြစ်လျက် ပြည့်စုံ၏ဟု အမှတ်ရှိ၏၊ အချို့ ဈာန်ဝင်စားသူသည် ချို့တဲ့သည်သာဖြစ်လျက် ချို့တဲ့၏ဟု အမှတ်ရှိ၏။ ဈာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ထို့ပြင်လည်း ဈာန်ဝင်စားသူတို့သည် လေးမျိုးရှိသေး၏။ အချို့ ဈာန်ဝင်စားသူသည် နှံ့နှေးစွာ ဝင်စား၏၊ လျင်စွာ ထ၏။ အချို့ ဈာန်ဝင်စားသူသည် လျင်စွာ ဝင်စား၏၊ နှံ့နှေးစွာ ထ၏။ အချို့ ဈာန်ဝင်စားသူသည် နှံ့နှေးစွာ ဝင်စား၏၊ နှံ့နှေးစွာ ထ၏။ အချို့ ဈာန်ဝင်စားသူသည် လျင်စွာ ဝင်စား၏၊ လျင်စွာထ၏။ ဈာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ထို့ပြင်လည်း ဈာန်ဝင်စားသူတို့သည် လေးမျိုးရှိသေး၏။ အချို့ ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ စိတ်ကို ထားရန် လိမ္မာ၏၊ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန် မလိမ္မာ။ အချို့ ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန် လိမ္မာ၏၊ သမာဓိဈာန်အရာ၌ စိတ်ကို ထားရန် မလိမ္မာ။ အချို့ ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ စိတ်ကို ထားရန်လည်း လိမ္မာ၏၊ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန်လည်း လိမ္မာ၏။ အချို့ ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ စိတ်ကို ထားရန်လည်း မလိမ္မာ၊ သမာဓိဈာန်အရာ၌ သမာပတ် ဝင်စားရန်လည်း မလိမ္မာ။ ဈာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ဈာန်ဟူရာ၌ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

ဝိမောက္ခဟူရာ၌ ဝိမောက္ခရှစ်ပါးတို့ကား- ရူပဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှု၏၊ ဤရှုခြင်းသည် ပဌမဝိမောက္ခတည်း။

အတွင်း မိမိသန္တာန်၌ ရုပ်ကို အမှတ်မပြုမူ၍ အပသန္တာန်၌ ရုပ်တို့ကို ရှု၏၊ ဤရှုခြင်းသည် ဒုတိယဝိမောက္ခတည်း။

တင့်တယ်၏ဟူ၍သာလျှင် နှလုံးသွင်း၏၊ ဤနှလုံးသွင်းခြင်းသည် တတိယဝိမောက္ခတည်း။

ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်း ပဋိဃသညာတို့၏ လုံးဝချုပ်ငြိမ်းခြင်း နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းခြင်းတို့ကြောင့် "ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိ" ဟု နှလုံးသွင်း၍ အာကာသာနဉ္စာယတနဈာန်သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် စတုတ္ထဝိမောက္ခတည်း။

အာကာသာနဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အဆုံး အပိုင်းအခြား မရှိ" ဟု နှလုံးသွင်း၍ ဝိညာဏဉ္စာယတနဈာန်သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် ပဥ္စမဝိမောက္ခတည်း။

ဝိညာဏဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "စိုးစဉ်းမျှ မရှိ" ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနဈာန်သို့ ကပ်ရောက်၍ နေ၏။ ဤနေခြင်းသည် ဆဋ္ဌဝိမောက္ခတည်း။

အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ကပ်ရောက်၍ နေ၏။ ဤနေခြင်းသည် သတ္တမဝိမောက္ခတည်း။

နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ သညာ, ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓ သမာပတ်' သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် အဋ္ဌမဝိမောက္ခတည်း။ (ဒီ၊ မြန်၊ ၂။ ၆၉-၌ လည်းရှု) သမာဓိဟူရာ၌ သမာဓိသုံးပါးတို့ကား- ဝိတက်လည်းရှိ, ဝိစာရလည်းရှိသော သမာဓိ၊ ဝိတက် ကား မရှိ, ဝိစာရမျှသာရှိသော သမာဓိ၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော သမာဓိတို့တည်း။

သမာပတ်ဟူရာ၌ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါးတို့ကား- ပဌမစျာန်သမာပတ်၊ ဒုတိယစျာန်သမာပတ်၊ တတိယစျာန်သမာပတ်၊ စတုတ္ထစျာန်သမာပတ်၊ အာကာသာနဉ္စာယတန သမာ ပတ်၊ ဝိညာဏဉ္စာယတနသမာပတ်၊ အာကိဉ္စညာယတနသမာပတ်၊ နေဝသညာနာသညာယတန သမာ ပတ်၊ သညာဝေဒယိတနိရောဓသမာပတ်တို့တည်း။

ညစ်နွမ်းသော တရားဟူသည် ယုတ်သော အဖို့ရှိသော တရားတည်း။

ဖြူစင်သော တရားဟူသည် ထူးသော အဖို့ရှိသော တရားတည်း။

ထခြင်းဟူရာ၌ ဖြူစင်ခြင်းသည်လည်း ထခြင်း မည်၏၊ ထိုထို သမာဓိစျာန်မှ (ဘဝင်သို့သက်၍) ထခြင်းသည်လည်း ထခြင်း မည်၏၊ ထို၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။

မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည့်ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့ ညစ်နွမ်းခြင်း, ဖြူစင်ခြင်း, ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၇)

# ဉာဏဝိဘင်

## (၈) အဋ္ဌမဉာဏ်တော်အဖွင့်

၈၂၉။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း၌ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ မြတ်စွာဘုရားသည် များပြားသော ရှေး၌ နေဖူးသည်ကို အောက်မေ့နိုင်၏။ ဤသည် ကား အဘယ်နည်း။ တစ်ဘဝကို လည်းကောင်း၊ နှစ်ဘဝတို့ကို လည်းကောင်း၊ သုံးဘဝတို့ကို လည်း ကောင်း၊ လေးဘဝတို့ကို လည်းကောင်း၊ ငါးဘဝတို့ကို လည်းကောင်း၊ ဆယ်ဘဝတို့ကို လည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကို လည်းကောင်း၊ ဘဝသုံးဆယ်တို့ကို လည်းကောင်း၊ ဘဝလေးဆယ်တို့ကို လည်း ကောင်း၊ ဘဝငါးဆယ်တို့ကို လည်းကောင်း၊ ဘဝတစ်ရာကို လည်းကောင်း၊ ဘဝတစ်ထောင်ကို လည်းကောင်း၊ ဘဝတစ်သိန်းကို လည်းကောင်း၊ များပြားသော (သံဝဋ္ဋ) ပျက်ကပ်တို့ကို လည်းကောင်း၊ များပြားသော (ဝိဝဋ္ဋ) ဖြစ်ကပ်တို့ကို လည်းကောင်း၊ များပြားသော (သံဝဋ္ဋ ဝိဝဋ္ဋ) ပျက်ကပ် ဖြစ်ကပ်တို့ ကို လည်းကောင်း၊ ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည် ဤသို့သော အနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာဆင်းရဲ ခံစားခြင်း၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည် ဤသို့သော အနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာ ဆင်းရဲခံစားခြင်း၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ နေဖူးသည်ကို အောက်မေ့နိုင်၏။ ထို၌ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု

‘အမောဟ’၊ သဘောတရားတို့ကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း၌ ဟုတ်တိုင်း မှန်စွာ သိသောဉာဏ် မည်၏။ (၈)

# ဉာဏဝိဘင်္ဂ

## (၉) နဝမဉာဏ်တော်အဖွင့်

၈၃၀။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ သတ္တဝါတို့ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိ အမြင်ထက် သာလွန်သော နတ်မျက်စိနှင့်တူသော ‘ဒိဗ္ဗစက္ခု’ ဖြင့် စုတေဆဲ သတ္တဝါ ပဋိသန္ဓေနေဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။ အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ‘ကာယဒုစရိုက်’၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ‘ဝစီဒုစရိုက်’၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ‘မနောဒုစရိုက်’ တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲ တတ်ကုန်၏။ မှားသောအယူ ရှိကုန်၏၊ မှားသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤသူတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် ‘ကာယသုစရိုက်’၊ နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် ‘ဝစီသုစရိုက်’၊ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် ‘မနောသုစရိုက်’ တို့နှင့် ပြည့်စုံကုန်၏။ အရိယာတို့ကို မစွပ်စွဲကုန်။ မှန်သောအယူ ရှိကုန်၏၊ မှန်သောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကုန်၏၊ ထိုသူတို့ သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်၏ဟု သိနိုင်၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ် မျက်စိနှင့်တူသော ‘ဒိဗ္ဗစက္ခု’ ဖြင့် စုတေဆဲ သတ္တဝါ ပဋိသန္ဓေနေဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို သိမြင်၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။ ထို၌ အကြင် သိမှု ‘ပညာ’၊ သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’၊ သဘောတရားတို့ကို စိစစ်မှု ‘ဓမ္မဝိစယ’၊ ကောင်းသော အမြင် ‘သမ္မာဒိဋ္ဌိ’ သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ သတ္တဝါတို့ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်း မှန်စွာသိသော ဉာဏ် မည်၏။ (၉)

# ဉာဏဝိဘင်္ဂ

## (၁၀) ဒသမဉာဏ်တော်အဖွင့်

၈၃၁။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အာသဝတို့ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ် မည်သနည်း။

ဤလောက၌ မြတ်စွာဘုရားသည် အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော ကိလေသာတို့မှ လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် ကိလေသာတို့မှ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏။ ထို၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ အာသဝတို့ ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၁၀)

**ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း ပြီး၏။**

# ဉာဏ်တို့ကို ဝေဖန်၍ပြသော

# ဉာဏဝိဘင်း ပြီးပြီ။